# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ တနင်္လာနေ့။ Monday, 24 November 2025 ၁၂၀၁၁


**ပညာရှိသူနှင့် ပညာမရှိသောသူ**

စည်းစိမ်ဥစ္စာတို့သည် ပညာမရှိသောသူကို ဖျက်ဆီးတတ်ကုန်၏။ သံသရာ၏ ထိုမှာဘက်ကမ်း (နိဗ္ဗာန်)ကို ရှာကုန်သော ပညာရှိတို့ကိုကား မဖျက်ဆီးတတ်ကုန်၊ ပညာမရှိသောသူသည် စည်းစိမ်ဥစ္စာကို တပ်မက်သဖြင့် သူတစ်ပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။

တဏှာဝဂ် (ဓမ္မပဒ-၃၅၅)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားကျင်းပ

## စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းများကို ချိတ်ဆက်ပေးနိုင်မည့် ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်မည်

**နေပြည်တော် နိုဝင်ဘာ ၂၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်) သို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဦးမျိုးသန့်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် (မအူပင်) ပင်မအဆောက်အအုံ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

ကြေးမုံ

# နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ကျန်းမာရေးကဏ္ဍအလေးထားမြှင့်တင်

ပြည်သူများအားလုံး ကျန်းမာကြံ့ခိုင်မှသာ မိမိအကျိုး၊ နိုင်ငံအကျိုးကို စွမ်းအားပြည့် သယ်ပိုးဆောင်ရွက်နိုင်မည်ဖြစ်သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေဖြင့် "နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက် ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ အမျိုးသားကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး" ဦးတည်ချက်ကိုချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်သူများကလည်း မိမိတို့၏ကျန်းမာရေးကို ဦးစားပေးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျန်းမာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ရောဂါဖြစ်ပွားလာပါကလည်း အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်အကြီးအကဲက "ဆေးရုံတိုင်း ဆရာဝန်ရှိစေရမည်" ဟူသည့် မူဝါဒကို ချမှတ်ပေးထားပြီး နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းများ နှစ်စဉ်ဖြည့်ဆည်းခန့်ထားပေးလျက်ရှိသည်။

ယခုရက်ပိုင်းများတွင် ပြည်သူ့ဆေးရုံများနှင့် အလှမ်းဝေးသော ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ဖြင့် တပ်မတော်ဆေးတပ်ဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများ၌ အခြေပြု၍ အဆိုပါကျေးရွာများနှင့် အခြေပြုကျေးရွာ ပတ်ဝန်းကျင်များမှ ဒေသခံပြည်သူများအား ဆေးကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့စဉ်လှည့်လည်ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ဖြင့် တပ်မတော်ဆေးတပ်ဖွဲ့မှ ပါရဂူများ၊ ဆရာဝန်များ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် အဆိုပါဒေသများရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။

တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များသည် ကျေးလက်ဒေသများရှိ ဆေးကုသမှုဆိုင်ရာရောဂါရှင်များ၊ ခွဲစိတ်ကုသမှုခံယူရမည့်သူများ၊ ကလေးရောဂါ၊ အမျိုးသမီးရောဂါ၊ အရိုးရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းနှင့် မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ စသည့်ရောဂါအမျိုးမျိုးတို့အနက် အထွေထွေခွဲစိတ်ခြင်း၊ ဓာတ်မှန်ရိုက်ပေးခြင်း၊ အာထရာဆောင်းဖြင့် စမ်းသပ်ပေးခြင်း၊ နှလုံးစမ်းသပ်လူနာများအား အီးစီဂျီစက်ဖြင့် စမ်းသပ်ပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်လူနာများအား ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ၂၀၁၆ ခုနှစ်မှစတင်၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ရာ ယခုအကြိမ်အထိ ၂၅ ဦးမြောက် ကိုယ်ဝန်ဆောင်မိခင်များကို အောင်မြင်စွာမွေးဖွားပေးခဲ့သည့်အပြင် ကလေးငယ်အတွက် ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

နိုင်ငံတော်က ပြည်သူ့ကျန်းမာရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိသလို ပြည်သူများကလည်း ကျန်းမာရေးနှင့်ပတ်သက်၍ အသိသတိရှိကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် မြို့ပြနေပြည်သူများအနေဖြင့် ကိုယ်လက်လှုပ်ရှားမှုနည်းပါးသည့် နေထိုင်မှုပုံစံများနှင့် အလွယ်တကူအသင့်စား စားသောက်မှုပုံစံများကြောင့် ရောဂါအမျိုးမျိုးဖြစ်ပွားလာသည်ကို တွေ့ရမည်ဖြစ်သည်။ မြို့ပြနေပြည်သူများ ကျန်းမာရေးအတွက် တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုကို မိမိတို့ကိုယ်တိုင် နေ့စဉ်သတိပြုဆောင်ရွက်သင့်သည်။ အချိန်မကုန်၊ ငွေမကုန်သည့် အကောင်းဆုံးသော ကျန်းမာရေးစောင့်ရှောက်မှုမှာ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှု သို့မဟုတ် ပုံမှန်လမ်းလျှောက်မှုတို့ကို ပြုလုပ်သင့်သည်။

သို့ဖြစ်ရာ နိုင်ငံ့အကျိုး၊ မိမိအကျိုးကို အပြည့်အဝ သယ်ပိုးဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်နှင့်တပ်မတော်က ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ရယူခြင်းနှင့် မိမိကိုယ်ကို ကျန်းမာအောင်ပြုမူနေထိုင်ကြခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။ ။




## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသည် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဦးထက်သျှန်ဖြိုးအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## လေးမျက်နှာမြို့နယ်၌ ခမောက်စုနယ်မြေ(ယာယီ) မီးသတ်စခန်းဖွင့်လှစ်

**လေးမျက်နှာ နိုဝင်ဘာ ၂၃**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ခမောက်စုနယ်မြေ (ယာယီ) မီးသတ်စခန်းဖွင့်ပွဲနှင့် မီးငြှိမ်းသတ်ယာဉ်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ ဒုတိယတိုင်းမီးသတ်ဦးစီးမှူး ဦးကိုကိုဦးနှင့် တာဝန်ရှိသူများက မီးငြှိမ်းသတ်ယာဉ်ပေးအပ်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးကိုကိုဦးနှင့် ဟင်္သာတခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းတို့က အမှာစကားပြောကြားကာ ခမောက်စုကျေးရွာအုပ်ချုပ်ရေးမှူးအား မီးငြှိမ်းသတ်ယာဉ်နှင့် စာရွက်စာတမ်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ရောဦးသာ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၂၃**

ယနေ့နံနက် ၁၁ နာရီ ၀၉ မိနစ် ၂၉ စက္ကန့်တွင် ထားဝယ်မြေငလျင်စခန်းမှ အနောက်တောင်ဘက် ၁၁၅ မိုင်ခန့်ကွာဝေးသော မြန်မာ့ပင်လယ်ပြင် (လောင်းလုံးမြို့၏ အနောက်တောင်ဘက် ၁၀၇ မိုင်ခန့်အကွာ)မြောက်လတ္တီတွဒ် ၁၃ ဒသမ ၅၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၅၉ ဒီဂရီ၊ အနက် ၁၅ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ရွှေပြည်သာမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်(လိန်ကုန်း)ကျေးရွာတွင် မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကွင်းသရုပ်ပြပွဲကို တောင်သူ ဦးအောင်နိုင်၏ ဖျော့ထွန်းစပါး ပျိုးထောင် ဧရိယာ ၁၀ ဧက၌ နိုဝင်ဘာ ၂၀ ရက်တွင် ကျင်းပရာ ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောသန့်ဇင်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တောင်သူများတက်ရောက်ကြပြီး တစ်ဧက အစိုထွက်နှုန်း ၈၅ ဒသမ ၅၅ တင်းနှင့် အခြောက်ထွက်နှုန်း ၇၃ ဒသမ ၄၀ တင်း နှုန်းထွက်ရှိကြောင်း သိရသည်။

နေမျိုးထွန်း(ရွှေပြည်သာ)

### ၂၃ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေရည်ညွှန်းဈေး)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၇၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - | အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ပင်မဆောင်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်) ပင်မဆောင် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက် လာကြသူများသည် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပင်မအဆောက်အအုံ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ ဦးစွာ ကျောင်းသား ကျောင်းသူလေးများက စိုက်ပျိုးရေး တက္ကသိုလ်(မအူပင်) ဖွင့်ပွဲအထိမ်းအမှတ်သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယခုကျင်းပသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားသည် နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေး ကဏ္ဍတစ်ခုလုံးအတွက် ကျက်သရေမင်္ဂလာရှိသည့် နေ့ထူးနေ့မြတ် အခမ်းအနားဖြစ်သကဲ့သို့ စတင်တက်ရောက်ကြမည့်ကျောင်းသား ကျောင်းသူများနှင့် သင်ကြားရေး ဆရာ ဆရာမများအတွက်လည်း သမိုင်းမှတ်တိုင် တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်မည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်)ကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှ စတင်ပြီး ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် လိုအပ်လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်သည့်အပြင် နိုင်ငံ့စီးပွား မြှင့်တင်ရေးအတွက်လည်း တစ်ဖက်တစ်လမ်းက အကျိုးပြုစေနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်) ဖွင့်လှစ်ရသည့် အခြေခံရည်ရွယ်ချက်များမှာ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အချင်းပြည့်ဝသည့် စိုက်ပျိုးရေးပညာ သိပ္ပံဘွဲ့နှင့် မွေးမြူရေးပညာသိပ္ပံဘွဲ့ရ ပညာရှင်များ ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံစီးပွားရေး လုပ်ငန်းများအတွက် လိုအပ်သည့် ခေတ်မီနည်းပညာများ၊ အတတ်ပညာများ လေ့လာသင်ယူနိုင်ကြစေရန်နှင့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို ပိုမိုအားကောင်းစွာ ဆောင်ရွက်နိုင်ကြစေရန်ပင်ဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် စိုက်ပျိုးရေးပညာရှင်များ၊ မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဘာသာရပ်ဆိုင်ရာ သင်ကြားမှု၊ သင်ယူမှုသာမက သုတေသနအခြေပြု တက္ကသိုလ်တစ်ခု (Research Oriented University) အဖြစ် တိုးမြှင့်ဖြစ်ပေါ်လာစေရန်ကိုလည်း မျှော်မှန်းဦးတည်ချက်ထားရှိကြောင်း၊ ယခုတက္ကသိုလ်မှ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံပြီး စိုက်ပျိုးရေး၊ မွေးမြူရေး ဘာသာရပ်များနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်ငန်းများ အပါအဝင် စီးပွားရေးလုပ်ငန်းများကို ချိတ်ဆက်ပေးနိုင်မည့် ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံထားသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတကာကိုကြည့်ပါကလည်း ဖွံ့ဖြိုးပြီး နိုင်ငံများသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံပြီး စီးပွားရေး တိုးတက်အောင် စွမ်းဆောင်ခဲ့ရာမှ စက်မှုနိုင်ငံအထိ တည်ထောင်နိုင်ကြခြင်းဖြစ်ကြောင်း၊ အလားတူ ဖွံ့ဖြိုးဆဲ နိုင်ငံများသည်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး စားရေရိက္ခာဖူလုံအောင်၊ ပိုလျှံအောင်လုပ်ဆောင်နိုင်ရန်နှင့် ကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ပြီး MSME လုပ်ငန်းများမှတစ်ဆင့် နိုင်ငံတော်ကို ပြောင်းလဲတိုးတက်အောင် လုပ်ဆောင်နေကြကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ကြွယ်ဝသည့် ရေမြေသဘာဝ အရင်းအမြစ်များနှင့် ရာသီဥတုကောင်းမွန်မှုကို အရင်းပြုပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တိုးတက်စေရန်နှင့် အနာဂတ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

**တိုးတက်အောင်ဆောင်ရွက်**

စိုက်ပျိုးရေး ကဏ္ဍသည် နိုင်ငံတော်၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)၏ ၂၃ ဒသမ ၇ ရာခိုင်နှုန်းအထိ ပါဝင်နေကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၄၆ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် ဆက်စပ်သည့် လုပ်ငန်းများတွင် အသက်မွေးဝမ်းကျောင်း ပြုနေကြသည့် ကျေးလက်နေ ပြည်သူများဖြစ်ကြကြောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး ကျေးလက်နေ ပြည်သူများ၏ ဝင်ငွေတိုးတက်မှသာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမြေ အမြောက်အမြားရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးနိုင်သည့် ရာသီဥတုနှင့် ဂေဟစနစ်မျိုးစုံရှိခြင်း၊ ရေချို အရင်းအမြစ် ကြွယ်ဝခြင်းတို့ကြောင့် ပြည်တွင်းစားရေရိက္ခာ ဖူလုံသည်သာမက ပိုလျှံသည့်

စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

❖ **စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်လှစ်ရသည့် အခြေခံရည်ရွယ်ချက်များမှာ နိုင်ငံတော်၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက်လိုအပ်သည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ အရည်အချင်းပြည့်ဝသည့် စိုက်ပျိုးရေးပညာသိပ္ပံဘွဲ့နှင့် မွေးမြူရေးပညာသိပ္ပံဘွဲ့ရ ပညာရှင်များ ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ရန်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေခံ စီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သည့် ခေတ်မီနည်းပညာများ၊ အတတ်ပညာများ လေ့လာသင်ယူနိုင်ကြစေရန် နှင့် လက်တွေ့အသုံးချ သုတေသနလုပ်ငန်းများကို ပိုမိုအားကောင်းစွာ ဆောင်ရွက် နိုင်ကြစေရန်ပင်ဖြစ်**

☆ စာမျက်နှာ ၃ မှ

လယ်ယာသားငါး ထွက်ကုန်များကို ပြည်ပကို တင်ပို့လျက်ရှိကြောင်း၊ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ "စပါးကျီ" အဖြစ် သမိုင်းအစဉ်အလာကြီးသည့် ဒေသဖြစ်ကြောင်း၊ ယခုလို စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို ဖွင့်လှစ်နိုင်ခြင်းသည် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည့်အပြင် တိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ခြင်းမှသည် နိုင်ငံတော်၏ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ရရှိစေနိုင်မည်ဟု ယုံကြည်ကြောင်း။

ယခင်က မြန်မာနိုင်ငံတွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်သည် တစ်ခုတည်းသော စိုက်ပျိုးရေးတက္ကသိုလ်ဖြစ်ပြီး အလားတူ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည်လည်း တစ်ခုတည်းသော တက္ကသိုလ်အဖြစ် ရှိခဲ့ကြောင်း၊ လက်ရှိကာလတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သည် တစ်နှစ်တွင် စိုက်ပျိုးရေးဘွဲ့ရပညာရှင် ၃၀၀ ခန့်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည် ၂၀၀ ခန့်သာ မွေးထုတ်ပေးနိုင်ကြောင်း၊ ကိုလိုနီခေတ်က စတင်၍ဖွင့်လှစ်ခဲ့သည့် တက္ကသိုလ်နှစ်ခုသည် နိုင်ငံတော်အတွက် လိုအပ်သည့် ဘွဲ့ရပညာရှင်အရေအတွက် လုံလောက်အောင် မွေးထုတ်ပေးနိုင်ခြင်းမရှိသည့်အတွက် ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်တစ်ခုဖြစ်ခဲ့ကြောင်း။

ထို့ကြောင့်မိမိတို့အစိုးရတာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်မှစပြီး နိုင်ငံတော်အတွက် အဆင့်မြင့် စိုက်ပျိုးရေး၊ မွေးမြူရေးဘွဲ့ရပညာရှင်များ၊ အလယ်အလတ်အဆင့် စိုက်ပျိုးရေး၊ မွေးမြူရေး ဒီပလိုမာလက်မှတ်ရ ပညာရှင်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင် အဆင့်ရှိ အသိအမှတ်ပြု လက်မှတ်ရပညာရှင်များ ပိုမိုမွေးထုတ်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ၈၉ ကျောင်း၊ ရှိရင်း စိုက်ပျိုးရေးသိပ္ပံ ၁၅ ကျောင်းမှ မွေးမြူရေးဘာသာရပ်ပါ သင်ကြားပေးနိုင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံအဖြစ် ကျောင်းကိုးကျောင်းတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ငါးလုပ်ငန်းသိပ္ပံ(တွံတေး)ကျောင်းတစ်ကျောင်းနှင့် တိရစ္ဆာန်ဆေးကုသရေးသိပ္ပံတစ်ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် အခြေခံလူ့စွမ်းအားအရင်းအမြစ်များကို ယခင်ကာလထက် စုစုပေါင်း၈၃၅၂ ဦးကို ပိုမိုသင်ကြားမွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ယခုဖွင့်လှစ်သည့် မအူပင်စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်မှလည်း နှစ်စဉ်စိုက်ပျိုးမွေးမြူရေးပညာရှင် ၃၀၀ စီ မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထပ်မံပြီးလည်း အထက်မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်အသစ်တစ်ခု ဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ အနာဂတ်မျှော်မှန်းချက်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကောလိပ်ကျောင်းတစ်ကျောင်းစီ ဖွင့်လှစ်နိုင်ရန် ဆွေးနွေးသုံးသပ်လျက်ရှိသည်ကိုအသိပေး ပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)ကို ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့်မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့ကဲ့သို့ ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်လာစေရန် ရည်မှန်းထားကြောင်း၊ ရည်မှန်းထားသည့်အတိုင်းလည်း ဖြစ်မြောက်အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)တွင် စိုက်ပျိုးရေးပညာနှင့် သက်ဆိုင်သည့် မဟာဌာနကြီး ၁၃ ခု၊ မွေးမြူရေးပညာနှင့် သက်ဆိုင်သည့် မဟာဌာနကြီး ၁၂ ခု၊ အခြေခံ ဝိဇ္ဇာသိပ္ပံပညာရပ်ဌာနသုံးခု ပါဝင်ဖွဲ့စည်းထားပြီး အရည်အချင်းပြည့်ဝသည့် ဆရာ ဆရာမများနှင့် ဌာနအသီးသီးမှ ဘာသာရပ်ကျွမ်းကျင်သူ ပညာရှင်ကြီးများကို စုစည်းအားဖြည့်သင်ကြားပေးရန်စီစဉ်ထားသည်ဟု သိရှိရကြောင်း၊ အချို့ဘာသာရပ်များကိုလည်း ပညာရှင်များအား ဧည့်ပါမောက္ခကြီးများ အဖြစ်ဖိတ်ကြား သင်ကြားပေးခြင်း၊ ဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများ ပြုလုပ်ပေးခြင်းတို့ဖြင့် အဘက်ဘက်က လစ်ဟာမှုမရှိအောင် ကြိုးပမ်းသွားရန်အကြံပြု လိုကြောင်း၊ ဘွဲ့လွန်သင်တန်းများအဖြစ် ဘွဲ့လွန်ဒီပလိုမာ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့များအထိ ဆက်လက်ဖွင့်လှစ်ပေးမည်ဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် အရည်အသွေးမြင့် လူ့စွမ်းအား အရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည် ဖြစ်ပြီး တက္ကသိုလ်၏ "စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကိုးရသည့် တက္ကသိုလ်တစ်ခု ဖြစ်လာမည်ကို ပြောကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာရပ်ကို သာမန်အားဖြင့် အသုံးချသိပ္ပံပညာရပ် သက်သက်အဖြစ်သာ ရှုမြင်လေ့ရှိကြောင်း၊ အမှန်တကယ်မှာ စိုက်ပျိုးရေးပညာရပ်များနှင့်သက်ဆိုင်သည့် မြေဆီလွှာ၊ ဇီဝဗေဒ၊ ရုက္ခဗေဒ ဘာသာရပ်များ အပါအဝင် ဘာသာရပ် ၁၃ ခု၊ မွေးမြူရေးပညာရပ်နှင့် သက်ဆိုင်သည့် မွေးမြူရေးပညာ၊ ဆေးပညာ၊ ခွဲစိတ်ကုနှင့် မျိုးပွားပညာအပါအဝင် ဘာသာရပ် ၁၂ ခု စသည့် ဘာသာရပ်များနှင့် သီအိုရီနှင့် နည်းပညာသဘောတရားများသည်ကျယ်ပြန့်ကြောင်း၊ အဆိုပါအချက်များကို နားလည်တတ်မြောက်ပြီး ရေ၊ မြေ၊ ရာသီဥတု စသည့် သဘာဝတရားများနှင့် ကိုက်ညီအောင်ဆောင်ရွက်နိုင်ရန် ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ တွေးခေါ် မြော်မြင်မှုနှင့် ပြဿနာဖြေရှင်းမှုစွမ်းရည်၊ တောင်သူနှင့်မွေးမြူရေးသမားများ၏ ခံယူမှုနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ စီမံခန့်ခွဲမှုပညာ (Art of Management)ကိုပါ သင်ကြားပေးသည့် ပညာရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် သိပ္ပံပညာရပ်များသာမက စဉ်းစားတွေးခေါ်မှု၊ စီမံခန့်ခွဲမှုစွမ်းရည်နှင့် ပြည့်စုံသည့် ဘွဲ့ရကျောင်းသားကျောင်းသူများအဖြစ် မွေးထုတ်ပေးနိုင်မည်ဖြစ်ပြီး သင်ယူသည့် ကျောင်းသား ကျောင်းသူများကလည်း ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ် (မအူပင်)တွင် မွေးမြူရေးဘွဲ့ကိုပါအပ်နှင်းနိုင်ရန် စီစဉ်ထားခြင်းဖြစ်သဖြင့် ဘွဲ့ရများနှင့် ကျေးလက်နေ ပြည်သူများအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းသာမက စိုက်ပျိုးရာသီပြင်ပတွင် မွေးမြူရေးလုပ်ငန်းများက ဝင်ငွေကိုပါရရှိခြင်း အားဖြင့် မိသားစုဝင်ငွေတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အဓိကဆန်စပါး စိုက်ပျိုးထုတ်လုပ်ဖြန့်ဖြူးပေးသည့် ဒေသကြီးဖြစ်သကဲ့သို့ ငါး၊ပုစွန်မွေးမြူရေးလုပ်ငန်းများလည်း အများအပြားရှိကြောင်း၊ သို့သော်လည်း ဧရာဝတီတိုင်း ဒေသကြီးအတွင်းတွင် ရေကြီးကွင်း၊ ရေနက်ကွင်းများ ဧရိယာကျယ်ပြန့်စွာရှိနေပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက်အပြည့်အဝအသုံးချနိုင်ခြင်းမရှိသေးသည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက်ဆောင်ရွက်သည့်စနစ်များကို တိုးချဲ့ဆောင်ရွက်ကြရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) အနေဖြင့် အဆိုပါစနစ်များကို သုတေသနပြုပြီး အောင်မြင်အောင်စမ်းသပ်ဆောင်ရွက်ပေးရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။ **စာမျက်နှာ ၅ သို့ ☆**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား ကျောင်းသား ကျောင်းသူများက စိုက်ပျိုးရေးတက္ကသိုလ်(မအူပင်) ဖွင့်ပွဲအထိမ်းအမှတ်သီချင်းဖြင့် ကပြဖျော်ဖြေစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)အတွက် လိုအပ်သည့်အဆောက်အအုံများ ထပ်မံဆောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေကို ရှင်းလင်းတင်ပြစဉ်။

☆ **စာမျက်နှာ ၄ မှ**

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် တိုးပွားလာသည့် လူဦးရေအတွက် စားရေရိက္ခာလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး၊ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေရေး၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာ၊ သားငါး တန်ဖိုးမြင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး စသည့် ရည်မှန်းချက်များကို ပြည့်မီစေမည် ဖြစ်ကြောင်း၊ ယခုတက္ကသိုလ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးပညာများကို ဆည်းပူးသင်ယူကြသည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် မျိုးဆက် တစ်ဆက်ပြီး တစ်ဆက် လက်ဆင့်ကမ်းပြီး နိုင်ငံတော်၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ အောင်မြင်တိုးတက်ဖို့ **“စိုက်မွေးပညာ၊ ပြည်ရွာဖွံ့ဖြိုး”**ဆိုသည့် တက္ကသိုလ်၏ဆောင်ပုဒ်နှင့်အညီ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆတက်ထမ်းပိုး တိုးတက်ထမ်းဆောင်သွားကြရန်နှင့် တက္ကသိုလ်အနေဖြင့်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များစွာကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်) ဖွင့်လှစ်ခြင်းအထိမ်းအမှတ်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

အခမ်းအနားအပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တက္ကသိုလ်အစည်းအဝေးခန်းမတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်(မအူပင်) တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ ဆရာ ဆရာမများ ခန့်အပ် ဆောင်ရွက်လျက်ရှိမှု၊ သင်ကြားရေးဌာနများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ကြားလျက်ရှိမှု၊ ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ရန် အတွက် လျာထားဆောင်ရွက်လျက်ရှိမှု၊ နှစ်အလိုက် ကျောင်းသား ကျောင်းသူများ တက်ရောက် သင်ကြားနိုင်ရေး လျာထားဆောင်လျက်ရှိမှု၊ တက္ကသိုလ်အတွက် လိုအပ်သည့် အဆောက်အအုံများ ထပ်မံ ဆောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း (မအူပင်)၌ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာ သင်ကြားလျက်ရှိမှုနှင့် ပညာသင်နှစ်အလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်မှု၊ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အစိုးရနည်းပညာ အထက်တန်းကျောင်း (မအူပင်)ဆိုင်ရာ အချက်အလက်များ၊ အလုပ်ရုံနှင့် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ထားရှိမှု၊ သင်ကြားရေးဝန်ထမ်းများ ခန့်အပ်ထားရှိမှု၊ ကျောင်းသား ကျောင်းသူများ တက်ရောက် ပညာသင်ကြားလျက်ရှိမှု၊ အထူးပြုပညာရပ်များအလိုက် သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ဒေသလိုအပ်ချက်အရ ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်) ဖွင့်လှစ်ခြင်းအထိမ်းအမှတ်ပစ္စည်းကို ဂါရဝပြုပေးအပ်စဉ်။

တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်မှာ ယခင်က တစ်ခုတည်းသာ ရှိခဲ့ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ဖွင့်လှစ်နိုင်ရေး မိမိအနေဖြင့် ၂၀၂၁ ခုနှစ်မှ စတင်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်ရန် နှောင့်နှေးခဲ့ရကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်များသို့ တက်ရောက်လျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် စီးပွားရေး အဓိကထား ဆောင်ရွက်ခြင်းဖြစ်သဖြင့် မိရိုးဖလာ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းထက် နည်းစနစ်ကျနသည့် ခေတ်မီ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး ပညာရှင်များကိုမွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်နေခြင်းဖြစ်ပြီး Agro Base Industries ကို ဆောင်ရွက်နိုင်ရေး ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံသားများ၏ ပညာရည်မြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မိမိတို့နိုင်ငံ၏ ပကတိလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ပညာတတ်လူသား အရင်းအမြစ်များ ပေါ်ကြွယ်ဝလာစေရေး ဌာနဆိုင်ရာ တာဝန်ရှိသူများ အားလုံးက ဝိုင်းဝန်း ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ အခြေခံပညာကျောင်းများ၌လည်း တန်းစဉ်ကူးပြောင်းမှုများ မြင့်မားလာစေရေးကိုလည်း ဝိုင်းဝန်း ဆောင်ရွက်ကြစေလိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ **“နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”** ဟူသည့် နိုင်ငံတော်မှချမှတ်ထားသည့်အတိုင်း ပညာရေးဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်ကြရန် လိုကြောင်း။

တက္ကသိုလ်များ တည်ဆောက်ရာတွင် ရေရှည်အတွက် ကြိုတင်မြော်တွေး၍ Master Plan ချမှတ်ကာ စနစ်တကျ ရေးဆွဲတည်ဆောက်ရန် လိုကြောင်း၊ တက္ကသိုလ်ဝင်းများအတွင်း အရိပ်ရလေကာပင်များနှင့် တက္ကသိုလ်ကို ကိုယ်စားပြုသော အပင်များကို စိုက်ပျိုးသွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်မှ နိုင်ငံတော်အတွက် လိုအပ်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးပြီး အရည်အချင်းရှိသည့် စိုက်ပျိုးမွေးမြူရေးပညာရှင်များဖြစ်အောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ် (မအူပင်)၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ်(မအူပင်)၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း (မအူပင်)၊ အစိုးရနည်းပညာ အထက်တန်းကျောင်း(မအူပင်) နှင့် ပိုလီတက္ကနစ်နည်းပညာ တက္ကသိုလ်(မအူပင်) တို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြား

- ❖ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးပညာရှင် လူသားအရင်းအမြစ်များစွာလိုအပ်
- ❖ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ
- ❖ ပိုလီတက်ကနစ်နည်းပညာတက္ကသိုလ်များကို ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေခြင်းဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်များကိုလည်း ထပ်မံဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည်
- ❖ ပညာရည်မြင့်မားရေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် တက္ကသိုလ်များ၊ ကောလိပ်များကို တက်ရောက်ပြီး အဆင့်မြင့်ပညာရပ်များကို သင်ကြားနိုင်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ယနေ့မွန်းလွဲပိုင်းတွင် တိုးရွှေဝါခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မအူပင်မြို့ရှိ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မအူပင်ခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာအချက်အလက်များ၊ ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ ကဏ္ဍကြီးများအလိုက် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ သီးနှံများပန်းတိုင်ရည်မှန်းချက် ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ အရန်ဆန်များ သိုလှောင်ထားရှိမှု၊ ဆီထွက်သီးနှံများစိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေးထားမှု၊ လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိမှု၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ One Region One Product (OROP) လုပ်ငန်းများနှင့် MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မအူပင်မြို့နယ် အားကစားကွင်းအား အဆင့်မြှင့်တင်ပေးရန် လိုအပ်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် စိုက်ပျိုးရေးတောင်သူများအား ချေးငွေများတိုးမြှင့် ထုတ်ချေးပေးစေလိုမှု၊ စပါးအခြောက်ခံစက်များလိုအပ်လျက်ရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် ငါးစာများ လုံလောက်စွာထုတ်လုပ်ရရှိနိုင်ရေး ဆောင်ရွက်ပေးသည့်အတွက်ကျေးဇူးတင်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အားလိုအပ်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများထုတ်ချေးပေးမှုကြောင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်လာမှုနှင့် မြေနေရာများ ထပ်မံလိုအပ်လျက်ရှိမှု၊ ငါးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်သည့် ကန်ပေါင်များပေါ်၌ ဝါးပင်များစိုက်ပျိုးခြင်းဖြင့် အကျိုးဖြစ်ထွန်းနိုင်မှု၊ အုန်းချိုမွှေးများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိမှု၊ ဈေးကွက်သို့ဖြန့်ဖြူး ရောင်းချလျက်ရှိမှုနှင့် ပြည်ပဈေးကွက်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စု ဝန်ကြီးများနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ချေးငွေများကို နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိမှု၊ စပါးအခြောက်ခံစက်နှင့် သီးနှံအခြောက်ခံစက်များ လိုအပ်မှုနှင့်ပတ်သက်၍ လိုအပ်ပါက ပြည်ပမှ မှာယူတင်သွင်းဆောင်ရွက်ပေးနိုင်ပြီး အစုအဖွဲ့ဖြင့်သော်လည်းကောင်း၊ တစ်ဦးချင်းအနေဖြင့်လည်းကောင်း ဝယ်ယူနိုင်မှု၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန်အတွက် လိုအပ်သည့်မြေနေရာများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်နိုင်မှု၊ ဆန်၊ စပါး Export Zone ဖော်ဆောင်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ပေါ်ဆန်းမွှေးစပါးများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မအူပင်ဒေသသည် ဧရာဝတီတိုင်းဒေသကြီး၏ အရေးပါသည့်နေရာတွင်တည်ရှိကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး တက္ကသိုလ် (မအူပင်)အား ၂၀၂၁ ခုနှစ်ခန့်ကတည်းက ဖွင့်လှစ်ရန် ရည်မှန်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကစီးပွားရေးအဖြစ် ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးပညာရှင် လူသားအရင်းအမြစ် များစွာလိုအပ်ကြောင်း၊ထို့ကြောင့် မအူပင်မြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်ကို ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မိရိုးဖလာနည်းလမ်းများဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဖော်ဆောင်ခဲ့ကြသော်လည်း ထင်သလောက် အောင်မြင်မှု မရရှိခဲ့ကြောင်း၊ အများစုမှာ ကျေးလက်တွင် နေထိုင်ကြသူများဖြစ်ပြီး ခေတ်မီသည့်စိုက်ပျိုး မွေးမြူရေးလုပ်ငန်းကို ဆောင်ရွက်ရန် စိန်ခေါ်မှုများ ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး တက္ကသိုလ်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း။

ပညာတတ်လူသား အရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အချိုးညီညီတိုးတက်စေရေး တက္ကသိုလ်များကို ဖွင့်လှစ်ထားသော်လည်း အချို့ပြည်နယ်များတွင် ကျောင်းသား ကျောင်းသူတက်ရောက်မှု နည်းပါးနေကြောင်း၊ ထို့ကြောင့် ပိုလီတက်ကနစ်နည်းပညာတက္ကသိုလ်များကို ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေခြင်းဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး တက္ကသိုလ်များကိုလည်း ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် ပညာရည်မြင့်မားရေးဆောင်ရွက်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် တက္ကသိုလ်များ၊ ကောလိပ်များကို တက်ရောက်ပြီး အဆင့်မြင့် ပညာရပ်များကို သင်ကြားနိုင်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်း နည်းပါးလာခြင်းကြောင့်တက္ကသိုလ်သို့တက်ရောက်သင်ကြားသူများ နည်းပါးလာခြင်းဖြစ်ကြောင်း၊ တန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားအောင် ဆောင်ရွက်ခြင်းဖြင့် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝလာမည်ဖြစ်ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်များ ပေါ်များစေရေး မအူပင်ခရိုင်အနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

စာမျက်နှာ ၇ သို့ ☆

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်
၃၄ ရက်
သာ လိုတော့သည်။

☆ စာမျက်နှာ ၆ မှ

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ ရောဝတီတိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏စပါးကျီတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် သီးနှံများထွက်ရှိမှုသည် ထိုက်သင့်သည့် အထွက်နှုန်းဖြစ်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် မည်သို့ဆောင်ရွက်၍ရမည်ကို စဉ်းစားဆောင်ရွက်သွားရန် လိုကြောင်း၊ ပေါ်ဆန်းမွှေးစပါး စိုက်ပျိုးမှုနှင့်ပတ်သက်၍ ပြည်ပသို့တင်ပို့နိုင်ရေး ပိုမိုတိုးတက်စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ အထွက်နှုန်းကောင်းမွန်ရေးနှင့်ပတ်သက်၍လည်း စနစ်တကျစမ်းသပ်ထားရှိပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပေါ်ဆန်းမွှေးစိုက်ပျိုး၍ ရသည့်ဒေသများတွင် ပေါ်ဆန်းမွှေးစပါးများကို စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပေါ်ဆန်းမွှေးစပါးကို သာမက အခြားသီးနှံများကိုလည်း အထွက်နှုန်းကောင်းမွန်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရမည်၊ မြေအခြေအနေကောင်းမွန်ရမည်၊ ရေလုံလောက်စွာရရှိရမည်၊ နည်းစနစ်တကျဖြင့် စိုက်ပျိုး ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်ပတ်သက်၍ အထက်ပါနိယာမများကို လိုက်နာဆောင်ရွက်သွားမည်ဆိုပါက မိမိတို့စိုက်ပျိုးသည့် သီးနှံများ များစွာတိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ တောင်သူတစ်ဦးချင်း စိုက်ပျိုးရေးအသိပညာပေးခြင်း ကိုလည်း ဆောင်ရွက်ပေးရန် လိုကြောင်း။

မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကော်ဖီသည် နိုင်ငံတကာ ဈေးကွက်ဝင်သည့် ကော်ဖီဖြစ်ကြောင်း၊ အများအားဖြင့် ကုန်းမြင့်ကော်ဖီကို စိုက်ပျိုးကြကြောင်း၊ မအူပင်မြို့နယ်အတွင်း ဥယျာဉ်ခြံစိုက်ပျိုးသည့် ကေနှစ်သောင်းခန့် ရှိသည်ကို တွေ့ရှိရသဖြင့် အဆိုပါဥယျာဉ်ခြံများအတွင်း မြေနိမ့်ကော်ဖီ (ရိုဘက်စတာမျိုး)များကို စိုက်ပျိုး ဆောင်ရွက်မည်ဆိုပါက များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး ပြည်ပပို့ကုန်များ ပိုမိုတိုးတက်ရရှိမည်ဖြစ်ကြောင်း။

အုန်းချိုမွှေး စိုက်ပျိုးခြင်းနှင့်ပတ်သက်၍ အကျိုးများစွာဖြစ်ထွန်းစေကြောင်း၊ အုန်းနှင့်ပတ်သက်သည့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်သဖြင့် ပိုမိုတိုးချဲ့စိုက်ပျိုးကြစေ လိုကြောင်း၊ အုန်းထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားငွေများရရှိမည် ဖြစ်ကြောင်း၊ ဒေသအလိုက် အရိပ်ရလေကာပင်များ စိုက်ပျိုးကြရန်လိုကြောင်း၊ သဘာဝဘေးဒဏ်ကျရောက်ချိန်တွင် အုန်းပင်များနှင့် အရိပ်ရလေကာပင်များသည် ထိုက်သင့်သည့် အကာအကွယ် ပေးနိုင်ကြောင်း။

ရောဝတီတိုင်းဒေသကြီး အတွင်း ငါးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရကြောင်း၊ အလားတူ ကြက်၊ ဝက်၊ နွား၊ ဘဲ မွေးမြူခြင်းများနှင့်ပတ်သက်၍လည်း ပိုမိုတိုးတက် မွေးမြူဆောင်ရွက်ကြစေလိုကြောင်း။

မြို့နှင့်ပတ်သက်၍ မြို့တွင်း၌ ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အနေဖြင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကလည်း စနစ်တကျကြပ်မတ်ဆောင်ရွက်နေရန် လိုသကဲ့သို့ မြို့နေပြည်သူများ ကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့နယ်အတွက်လိုအပ်သည့် ဘောလုံးအားကစားကွင်းနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မအူပင်မြို့ရှိ တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

လာမည့် ဒီဇင်ဘာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ပြီး ထိုအချိန်က တာဝန်ရှိသူများအနေဖြင့် ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်မှု မရှိခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ချိန်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ဆန္ဒမဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးထားပြီး ဆန္ဒမဲပေးခြင်း၊ မပေးခြင်းသည် မဲဆန္ဒရှင်များ၏ ဆန္ဒပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးကောက်ခံကိုယ်စားလှယ်များကိုလည်း ဥပဒေနှင့်အညီဖြစ်စေရေး စိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အဓိကအားဖြင့် တိုင်းပြည်နှင့် ဒေသအကျိုးကို စေတနာထား၍ ဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်သူ၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ကာကွယ်ရေး အမြင်ရှိသူများကို စဉ်းစားရွေးချယ်၍ ဆန္ဒမဲပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင် အသေးစား၊ အငယ်စား၊ အလတ်စား(MSME) ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတွင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်များ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ မွေးမြူရေးထုတ်ကုန်များ၊ စားသောက်ကုန်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် MSME ထုတ်ကုန်များပြပွဲနှင့် ဈေးရောင်းပွဲတွင် ခင်းကျင်းပြသထားသည်များကို ကြည့်ရှုစစ်ဆေးစဉ်။

- ❖ ပေါ်ဆန်းမွှေးစိုက်ပျိုး၍ရသည့်ဒေသများတွင် ပေါ်ဆန်းမွှေးစပါးများကို စနစ်တကျဖြင့် ဆောင်ရွက်သွားကြရန်လို
- ❖ မအူပင်မြို့နယ်အတွင်း ဥယျာဉ်ခြံစိုက်ပျိုးသည့်ကေ နှစ်သောင်းခန့်ရှိသည်ကိုတွေ့ရှိရသဖြင့် အဆိုပါဥယျာဉ်ခြံများအတွင်း မြေနိမ့်ကော်ဖီ(ရိုဘက်စတာမျိုး)များကို စိုက်ပျိုးဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်
- ❖ အုန်းထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံအတွက် နိုင်ငံခြားငွေများ ရရှိမည်၊ ဒေသအလိုက် အရိပ်ရလေကာပင်များ စိုက်ပျိုးကြရန်လို
- ❖ မြို့နယ်အတွက်လိုအပ်သည့် ဘောလုံးအားကစားကွင်းနှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်ပေးမည်



## ကျောင်းကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**ကျောင်းကုန်း နိုဝင်ဘာ ၂၃**

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို နိုဝင်ဘာ ၂၁ ရက်တွင် မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ သဘာပတိ ဦးကိုဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက သမဝါယမ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပြောကြားသည်။

**ရှင်းလင်းဖတ်ကြား**

ဆက်လက်၍ ကျောင်းကုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်များနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာများကို သမဝါယမအမှုဆောင်များက ရှင်းလင်းဖတ်ကြားတင်သွင်းကြသည်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းကို မြို့နယ်သမဝါယမဦးစီးဌာန ဌာနခွဲစာရေး ဦးဇော်မင်းထွန်းက ဖတ်ကြားတင်သွင်းပြီး မြို့နယ်သမဝါယမအသင်း၏ အမှုဆောင်အဖွဲ့အစီရင်ခံစာ၊ နှစ်ချုပ်စာရင်းစစ်ဆေးချက် အစီရင်ခံစာတို့ကို အတည်ပြုချက်ရယူခဲ့ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ရှမ်းပြည်နယ် အင်းလေးဒေသ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ညောင်ရွှေ နိုဝင်ဘာ ၂၃



ရှမ်းပြည်နယ် အင်းလေးဒေသ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့ အခြေခံပညာအထက်တန်းကျောင်း (သာလေး) ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်တို့က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် မုခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖွင့်ပွဲအခမ်းအနားတွင်ပါဝင်ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းဘင်ခရာတီးဝိုင်းအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို/အကအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင်ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသည့် ကာယ/ဉာဏ ပြိုင်ပွဲများနှင့် ခင်းကျင်းပြသထားသည့် ဓာတ်ပုံများနှင့် စာအုပ်/စာစောင်များကို လိုက်လံကြည့်ရှု အားပေးကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ကျောင်းခန်းမ၌ဆက်လက်ကျင်းပရာ အထက(သာလေး)မှ ကျောင်းသား ကျောင်းသူများက "အလှဆုံးပန်းများပွင့်ကြပြီ"တေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် MRTV မှ စီစဉ်ထုတ်လွှင့်သည့် "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" Video Clip ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာကျော် အင်းလေးဒေသသည် တည်ငြိမ်အေးချမ်းမှုရှိပြီး သာယာလှပမှုကြောင့် ခရီးသွားလုပ်ငန်းအပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ ငလျင်ဘေးဒဏ်သင့်ခဲ့သော်လည်း နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တပ်မတော်နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုအခါ ပုံမှန်အခြေအနေကို ပြန်လည်ရောက်ရှိလာသည်ကို တွေ့မြင်ရပါကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် ပညာကို ထူးချွန်စွာတတ်မြောက်အောင် ကြိုးစားသင်ယူကြရန်အပြင် သုတ/ရသစာအုပ်စာစောင်များကိုလည်း ဖတ်ရှုကြစေလိုပါကြောင်း မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ် အစိုးရအဖွဲ့ထံ MRTV DTH စလောင်းအစုံ ၅၀ နှင့် စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ အားပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်တို့က MRTV DTH စလောင်း ၁၀ စုံကို တက်ရောက်လာသူများအား မဲဖောက်၍ ပေးအပ်ကြသည်။

ထို့အပြင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကျင်းပရေးအတွက် ငွေကျပ် ၁၀၈ သိန်းကျော်နှင့် စာကြည့်တိုက်များအတွက် စာအုပ်/စာစောင်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်မေမေနီက ဒေသစာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ညောင်ရွှေမြို့ အထက (ဟဲယာရွာမ)မှ ကျောင်းသား ကျောင်းသူများက အင်းတိုင်းရင်းသားရိုးရာ အဆို/အကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အဆို/အကအဖွဲ့များအား ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ပွဲတော်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ဦးစီးဆောင်ရွက်မှုနှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့က ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၂၃



မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ တိုင်းဒေသကြီး ပညာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဦး၊ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးရဲထူးတို့က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် မင်္ဂလာမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲတွင် ပါဝင်ဖျော်ဖြေကြသော ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်ပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးနှင့် ပြင်ဦးလွင်မြို့နယ် မြို့မိမြို့ဖဥက္ကဋ္ဌ ဦးအောင်မြင်တို့က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြခန်းများ၊ ပြိုင်ပွဲများ၊ သုတ၊ ရသစာအုပ်များ ခင်းကျင်းပြသထားမှုနှင့် စာအုပ်ဈေးရောင်းပွဲတော်၊ ပျော်ပွဲရွှင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အင်းစိန်မြို့နယ်၌ မူခင်းကျဆင်းရေးအသိပညာပေး

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဦးဆောင်၍ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၉ ရက်က ကမ်းနားအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဟောပြောပွဲတွင် အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဟိန်းနှင့် အင်းစိန်မြို့မရဲစခန်းမှူး ဒုတိယရဲမှူး မောင်မောင်အေးတို့က ရပ်ကွက်နေပြည်သူများအား မူခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ကြပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



# မကွေးမြို့၌ စာအုပ်စာစောင်များပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

မကွေး နိုဝင်ဘာ ၂၃



နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရှင်သန်နိုင်ရေး၊ လူငယ်ထုများအကြားတွင် စာဖတ်ရှိန် မြှင့်တင်နိုင်စေရန် ရည်ရွယ်၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က မကွေးခရိုင် လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းက အမှာစကားပြောကြားပြီး မြန်မာ့ဆက်သွယ်ရေး တိုင်းဒေသကြီး မန်နေဂျာ ဦးသက်မော်က သုတ/ရသစာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရုံးဝန်ထမ်းများက စုပေါင်းလှူဒါန်းသည့် စာအုပ် ၃၂၀ ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီး မန်နေဂျာ ဦးသက်မော်က ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ်နိုင်ငံတစ်ဝန်းရှိ Mpt ရုံးများတွင် သတ်မှတ်ထားသည့် စာကြည့်တိုက်များသို့ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

■

# အောင်လံမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

အောင်လံ နိုဝင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် အထက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးမာလာခိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသိန်းက လူငယ်စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကိုရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ခေါင်းစဉ်အသီးသီးဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်သူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မျိုးသိန်း(ပြန်/ဆက်)**






ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ဝင်ရောက်နေထိုင်သူများ၏ အဆောက်အအုံများအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင် ဝင်ရောက်နေထိုင်သူများအား ဖော်ထုတ်ဖမ်းဆီး ထိန်းသိမ်းထားရှိမှုကို တွေ့ရစဉ်။



တရားမဝင် ဝင်ရောက်နေထိုင်သူများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းနိုင်ရေး လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

✤ ကျောဖုံးမှ

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုလျက်ရှိသည့် အဆောက်အအုံ ၆၃၅ လုံး ရှိသည့်အနက် ယနေ့တွင် ၁၁ လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိတရားမဝင်အဆောက်အအုံ ၂၁၇ လုံး ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် တရားမဝင်အဆောက်အအုံများကို ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ ၆ ရက်မြောက်နေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေ အဆောက်အအုံ ၃၃ လုံးအတွင်း ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများအား တွေ့ရှိရခြင်းမရှိဘဲ ၎င်းတို့အသုံးပြုသည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိုဘိုင်းဖုန်းများကိုလည်း တစ်ပါတည်း ဖြုတ်သိမ်း ယူဆောင်သွားကြောင်း သိရသည်။

ထို့ပြင် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများ ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်ပုန်းအောင်း နေထိုင်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၆၅ ဦး၊ ဗီယက်နမ်နိုင်ငံသား ရှစ်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ ကင်ညာနိုင်ငံသား ၁၃ ဦး၊ အီသီယိုးပီးယားနိုင်ငံသား လေးဦး၊ အင်ဒိုနီးရှားနိုင်ငံသား ခြောက်ဦး၊ ယူဂန်ဒါနိုင်ငံသား ခြောက်ဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ အိန္ဒိယနိုင်ငံသား ၂၀၊ ဇင်ဘာဘွေနိုင်ငံသား တစ်ဦး၊ ဖိလစ်ပိုင်နိုင်ငံသား ခုနစ်ဦး၊ ရဝမ်ဒါနိုင်ငံသား နှစ်ဦး၊ နိုင်ဂျီးရီးယားနိုင်ငံသား သုံးဦး၊ ထိုင်းနိုင်ငံသား ငါးဦး၊ ကာဇစ္စတန်နိုင်ငံသား တစ်ဦး၊ ဥဇဘတ်ကစ္စတန် နိုင်ငံသား တစ်ဦး၊ ဘီနင်နိုင်ငံသား တစ်ဦး၊ ဘူယွန်ဒီနိုင်ငံသား ရှစ်ဦး၊ တိုဂိုနိုင်ငံသားတစ်ဦး၊ စင်ကာပူနိုင်ငံသား တစ်ဦး စုစုပေါင်း ၁၅၆ ဦး တို့ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ဖမ်းဆီး ထိန်းသိမ်းနိုင်ခဲ့သည်။ ထို့ကြောင့် ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ် ရှင်းလင်းမှုများအရ နိုဝင်ဘာ ၁၈ ရက်မှ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၇၄၆ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၂၈၉၃ လုံး၊ မိုဘိုင်းဖုန်း အလုံး ၂၁၇၅၀၊ star Link ဘန်း ၁၀၁ လုံး၊ Router ၂၁ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိ ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား မြဝတီမြို့နယ် ပူလွဲပူကျေးရွာအုပ်စု ရွှေကုက္ကိုလ်မြိုင်ကျေးရွာအတွင်း လုံထင်းဝန်းရှိ အဆောက်အအုံ၌ ထိန်းသိမ်းထားရှိပြီး တရားမဝင်ပြည်ပနိုင်ငံသား စစ်ဆေးရေးအဖွဲ့ကစစ်ဆေးခဲ့ရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၈၈ ဦးကို စစ်ဆေးနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့်ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၅၈၆ ဦး ထိန်းသိမ်းနိုင်ခဲ့ကာ ၁၂၁၄၃ ဦးကို စစ်ဆေးခဲ့ပြီး ၎င်းတို့အနက်မှ ၉၉၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၆၀၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**






KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံများအား ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။








KKParkနယ်မြေအပိုင်း(၁)တွင် တရားမဝင်ဆောက်လုပ်ထားသည့် အဆောက်အအုံများကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီး တွေ့ရစဉ်။

KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုခဲ့သော အဆောက်အအုံများအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးတွေ့ရစဉ်။

# “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ခြင်းမှ အစတည် “ရွှေ၊ ဖွံ့၊ သာ စေမည် တို့တိုင်းပြည်”

ဇော်မင်းထွန်း(ရေနံချောင်း)၊ မန္တလာကိုကိုဝင်း

နိုင်ငံတစ်နိုင်ငံ၊ အဖွဲ့အစည်းတစ်ခု သို့မဟုတ် လူမှုရေးအသင်းအဖွဲ့တစ်ခုအတွက် ဆောင်ပုဒ်ဆိုသည်မှာ မရှိမဖြစ်လိုအပ်သော လမ်းညွှန်ကြယ်ပွင့်နှင့်တူပါသည်။ ယင်းသည် ထိုအဖွဲ့အစည်း၏ ရည်မှန်းချက်၊ စံတန်ဖိုးနှင့် ခံယူချက်များကို စုစည်းဖော်ပြထားသည့် စကားလုံးအနည်းငယ်မျှသာဖြစ်သော်လည်း လက်တွေ့ကျပြီး လူအများ၏ အသိဉာဏ်ထဲသို့ စွဲမြဲစွာ သယ်ဆောင်သွားနိုင်စွမ်းရှိသည်။ ထိုဆောင်ပုဒ်များသည် အတွေးအခေါ် သက်သက်မျှမဟုတ်ဘဲ လုပ်ငန်းဆောင်တာများအတွက် ခိုင်မာသောလမ်းညွှန်ချက်နှင့် စိတ်ဓာတ်ခွန်အားများကိုလည်းဖြစ်စေသည်။ ထိရောက်သော ဆောင်ပုဒ်တစ်ရပ်သည် အဖွဲ့ဝင်တိုင်းအား တစ်သားတည်းသောအမြင်ဖြင့် ရည်မှန်းချက်ဆီသို့ စည်းလုံးညီညွတ်စွာ ဦးတည်စေပြီး အဖွဲ့အစည်း၏ ပုံရိပ်ကို လူထုကြားတွင် ခိုင်မာစွာတည်ဆောက်ပေးနိုင်စွမ်းရှိပါသည်။

**လေ့လာ၊ လေ့ကျင့်၊ လိုက်နာ**

မြန်မာ့တပ်မတော်တွင်လည်း “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဟူသော ဆောင်ပုဒ်သည် နိုင်ငံတော်အကြီးအကဲဖြစ်သူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် ၂၀၁၆ ခုနှစ်၌ စတင်ချမှတ်ခဲ့ပြီး တပ်မတော်တစ်ရပ်လုံးကို လက်တွေ့ဆောင်ရွက်စေခဲ့သည့်ဆောင်ပုဒ်ဖြစ်သည်။ **လေ့လာ၊ လေ့ကျင့်၊ လိုက်နာ** ဟူသော ဆောင်ပုဒ်၏အဓိပ္ပာယ်မှာ ကျယ်ပြန့်သလို လက်တွေ့ကျသောဆောင်ပုဒ်လည်းဖြစ်သည်။ ဆောင်ပုဒ်၏လုပ်ငန်းစဉ်မှာ ယခုခေတ်ကာလ အခြေအနေ အချိန်အခါနှင့်အညီ ပြောင်းလဲတိုးတက်နေသော စစ်နည်းဗျူဟာနှင့် လက်နက်နည်းစနစ်များကို စဉ်ဆက်မပြတ် **လေ့လာ**ရမည်။ တိုးတက်ပြောင်းလဲလာနေသော စစ်လက်နက်ပစ္စည်း၊ နည်းပညာများနှင့် ကျွမ်းကျင်မှုရှိလာစေရန် အမြဲတမ်း **လေ့ကျင့်**နေရမည်။ ယခုကဲ့သို့ လေ့လာ၊ လေ့ကျင့်ခဲ့သည်များကို လက်တွေ့နယ်ပယ်တွင် မိမိ၏ဆင်ခြင်သုံးသပ်မှုနှင့် စစ်ပညာ၊ စစ်ဥပဒေသ၊ သိပ္ပံပညာရပ်များနှင့်အတူ **လိုက်နာ**ကျင့်သုံး အကောင်အထည်ဖော်သွားရမည်ဟူ၍ ဖြစ်သည်။

တပ်မတော်အတွက် ထိရောက်ကောင်းမွန်သော ထိုဆောင်ပုဒ်ကို လိုက်နာကျင့်သုံးကာ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် တည်ဆောက်နိုင်ခဲ့သည့်အပြင် နိုင်ငံတော်၏အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍနှင့် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်နိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်အတွက် မည်သည့်တာဝန်ကို ထမ်းဆောင်ရသည်ဖြစ်စေ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအတွက် တိကျစေ့စပ်သေချာ ထိရောက်သည့် ဆောင်ပုဒ်များ၊ ရည်မှန်းချက်များ ချမှတ်ပြီးအောင်မြင်အောင် ဆောင်ရွက်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော မဲမသမာမှုဖြစ်စဉ်များကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ တပ်မတော်က နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ယူခဲ့ရသည်။

ထိုကာလအတွင်း မဲမသမာမှုကျူးလွန်ခဲ့၍ ပါတီနှင့် အဖွဲ့အစည်းများအနေဖြင့် တိုင်းပြည်ကို ထင်သလို ခြယ်လှယ်ခွင့်မရသည့်အခါ အစိုးရအနေဖြင့် အုပ်ချုပ်၍မရအောင် နည်းလမ်းမျိုးစုံသုံးခဲ့သည်။ အကြမ်းဖက်မှုမျိုးစုံကို လုပ်ဆောင်ခဲ့ကြသည်။ တပ်မတော်ကသာ ကျစ်လျစ်ခိုင်မာမှုမရှိခဲ့လျှင် ထိုအကြမ်းဖက်မှုများကြောင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ ဆုံးရှုံးသွားနိုင်သည်။ သို့သော် လေ့လာ၊ လေ့ကျင့်၊ လိုက်နာမှုအားကောင်းခဲ့သော တပ်မတော်သည် ထိုအခြေအနေဆိုးများကို ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ခြင်းဖြစ်သည်။

**ရည်မှန်းချက်များ**

တပ်မတော်အနေဖြင့် နိုင်ငံတော်ဦးဆောင်မှုပြုရသည့်အခါ စည်းကမ်းစနစ်ကျနစွာ ရည်မှန်းချက်များချမှတ်ကာ နိုင်ငံတော်ကို ဘက်စုံထောင့်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းရာတွင် တပ်မတော်သားနှင့် အရပ်ဘက်ကိုယ်စားလှယ်များ အချိုးညီ ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည်။ တပ်မတော်၏ သမိုင်းတွင် နိုင်ငံတော်ကိုဦးဆောင်မှုပြုသည့်အခါတိုင်း အရပ်ဘက် စစ်ဘက် မျှတစွာ ပါဝင်စေခဲ့သည်။

ရှေ့ဆက်သွားရမည့်ခရီးအတွက် ရည်မှန်းချက်များကိုလည်း ချမှတ်ဆောင်ရွက်ခဲ့သည်။ နိုင်ငံရေး ရည်မှန်းချက်အဖြစ် **“စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး”** တို့ကို ချမှတ်ထားသည်။ ထို့အတူ အမျိုးသားရေးရည်မှန်းချက်အဖြစ် **“တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး”** တို့ကို ချမှတ်ထားသည်။

**နိုင်ငံရေးရည်မှန်းချက်**

စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ဖော်ဆောင်ရန်အတွက် ရွေးကောက်ပွဲသည် အရေးကြီးပါသည်။ ပြည်သူလူထု၏ဆန္ဒအမှန်ကို ရွေးကောက်ပွဲများကသာ ဖော်ဆောင်နိုင်မည်ဖြစ်ပါသည်။ ထို့အတွက်လည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုင်ငံရေးပါတီပေါင်း ၅၇ ပါတီနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်း ၈၁ ဦး အပါအဝင် စုစုပေါင်း ကိုယ်စားလှယ်လောင်း ၄၉၃၀ ကျော်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပါသည်။ ယခုကျင်းပသော ရွေးကောက်ပွဲတွင် တိုင်းရင်းသားများနှင့် လူထုလူတန်းစားအလွှာများကို ကိုယ်စားပြုသူများ လွှတ်တော်ထဲတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်စေရန် ပြည်သူ့လွှတ်တော်ကို FPTP စနစ်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး / ပြည်နယ်လွှတ်တော်ကို ရောနှောထားသော ကိုယ်စားလှယ်အချိုးကျစနစ် (MMP–Mixed Member Proportion System) ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်သည်။

> **စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ ကျန်ရှိသည့် ကာကွယ်ရေး မောင်းနှင်အားကဏ္ဍနှင့် နိုင်ငံရေးမောင်းနှင်အားကဏ္ဍ အဆင်ပြေမည်ဖြစ်သည်။ စီးပွားရေးအင်အား တောင့်တင်းနေစေရန်အတွက် မိမိနိုင်ငံ၏ အဓိက စီးပွားရေးဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အောင်မြင်စွာဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမည်။ ထို့မှတစ်ဆင့် Agro-based Industry ဖြစ်မြောက်အောင်လည်း ဆောင်ရွက်ကြရမည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေး အပါအဝင် ဒေသထွက်ကုန်ကြမ်းများကို အသုံးပြုကာ MSME လုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရန် နိုင်ငံတော်အစိုးရက ဘက်စုံကဏ္ဍစုံမှ ပံ့ပိုးပေးလျက်ရှိပါသည်။ အရည်အသွေးမြင့် ပြည်တွင်းထွက်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေးအတွက် အခွင့်အလမ်းများကိုလည်း အစိုးရက ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိ**

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများ၏ ဆောင်ရွက်ပုံအတိုင်း ပုံတူကူးချခြင်းမျိုးမပြုဘဲ မြန်မာနိုင်ငံ၏ သမိုင်းကြောင်း၊ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက်လက္ခဏာ၊ ဓလေ့ထုံးတမ်း အစဉ်အလာများနှင့်ကိုက်ညီသော ဒီမိုကရေစီစနစ်ကို မြန်မာနည်း၊ မြန်မာ့ဟန်ဖြင့် မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာပြည်သူပြည်သားများက ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**အမျိုးသားရေးရည်မှန်းချက်**

တိုင်းပြည်သာယာဝပြောရေးအတွက် အဓိကလိုအပ်သည်မှာ တိုင်းပြည်ငြိမ်းချမ်းမှုရှိရန်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးခိုင်မာတည်တံ့နေမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်လျက်ရှိသည်။ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ ယနေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက် ၂၇ ကြိမ် ထုတ်ပြန်ပေးခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ခေါင်းဆောင်များဖြင့် ဆွေးနွေးနိုင်ရေး ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့တွင် ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ NCA တွင် လက်မှတ်ရေးထိုးထားသော အဖွဲ့ ၇ ဖွဲ့နှင့် လက်မှတ်မရေးထိုးရသေးသည့် အဖွဲ့ ၃ ဖွဲ့တို့နှင့် ဆွေးနွေးနိုင်ခဲ့သည်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီကလည်း NCA လက်မှတ်ရေးထိုးထားသော EAO များနှင့် ၉၁ ကြိမ်၊ NCA လက်မှတ်မရေးထိုးထားသော EAO များနှင့် ၂၅ ကြိမ်၊ နိုင်ငံရေးပါတီများနှင့် ၂၂ ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့များနှင့် ၁၃ ကြိမ် ဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင်လည်း နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်း ခေါင်းစဉ်ဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က ထုတ်ပြန်ပေးထားသည်။ ထို့အပြင် ၂၀၂၅ ခုနှစ်တွင် ငြိမ်းချမ်းရေးစကားဝိုင်း (Peace Talk) တစ်ကြိမ်၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ (Peace Forum) တစ်ကြိမ်တို့ကိုလည်း ကျင်းပပြုလုပ်နိုင်ခဲ့သည်။

**စားရေရိက္ခာဖူလုံရေးအတွက်** တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိသည်။ ထို့အပြင် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကိုလည်း ဆောင်ရွက်နေသည်။

စားရေရိက္ခာတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၁ ခုနှစ်မှ ယနေ့အထိ စိုက်ဧကများတိုးချဲ့ခြင်း၊ စိုက်ပျိုးသီးနှံများကို ရာသီမပြတ် စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့သည်။ စိုက်ပျိုးမြေနှင့် သီးနှံစိုက်ဧရိယာ တိုးတက်လာမှုအခြေအနေကို လေ့လာကြည့်ရာ ၂၀၂၀-၂၀၂၁ ခုနှစ်တွင် စိုက်ပျိုးမြေဧရိယာ (ဧက) ၃၀၈၆၉၀၃၇ နှင့် သီးနှံစိုက်ဧရိယာ (ဧက) ၄၈၃၂၂၆၂၇ ရှိခဲ့ရာမှ ၂၀၂၄-၂၀၂၅ခုနှစ်တွင် စိုက်ပျိုးမြေဧရိယာ (ဧက) ၃၀၉၆၈၉၆၃ နှင့် သီးနှံစိုက်ဧရိယာ (ဧက) ၅၂၀၂၉၅၄၈ အထိ တိုးတက်လာခဲ့သည်။

မွေးမြူရေးဇုန်များနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဖော်ထုတ်ဆောင်ရွက်ထားရှိမှုအနေဖြင့် ကရင်ပြည်နယ်တွင် မွေးမြူရေးဇုန်နှစ်ခု၊ မကွေးတိုင်းဒေသကြီးတွင် မွေးမြူရေးဇုန်နှစ်ခု၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မွေးမြူရေးဇုန် တစ်ခုစီနှင့် ရှမ်းပြည်နယ်တွင် မွေးမြူရေးဇုန်သုံးခု ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ပြည်ပသို့ ငါးတင်ပို့မှုအနေဖြင့် ၂၄၃၅၂၉.၆၅၆ မက်ထရစ်တန်၊ ပုစွန်တင်ပို့မှု ၇၅၇၂.၉၈၂ မက်ထရစ်တန်နှင့် **စာမျက်နှာ ၁၁ သို့** ✪

❂ စာမျက်နှာ ၁၀ မှ

အခြားရေထွက်ပစ္စည်းတင်ပို့မှု ၈၄၉၆၅.၈၇၃ မက်ထရစ်တန် တင်ပို့နိုင်ခဲ့ရာမှ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ငါးတင်ပို့မှု ၃၉၃၁၇၄.၅၄၅ မက်ထရစ်တန်၊ ပုစွန်တင်ပို့မှု ၉၁၄၆.၆၁၅ နှင့် အခြားရေထွက်ပစ္စည်းတင်ပို့မှုမှာ ၁၅၁၅၇၂.၀၆၆ မက်ထရစ်တန်အထိ တိုးမြှင့်တင်ပို့နိုင်ခဲ့ပါသည်။

စိုက်ပျိုးသီးနှံများ ပိုမိုတိုးတက်ထွက်ရှိမှုနှင့်ပတ်သက်၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ တိုးတက်လာသည့်စိုက်ဧကများကို အောက်ပါဇယားအတိုင်း မြင်တွေ့နိုင်သည်-

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန**
**၂၀၂၁ ခုနှစ် မှ ၂၀၂၅ ခုနှစ်အထိ အဓိကသီးနှံများတိုးတက်စိုက်ပျိုးနိုင်မှုအခြေအနေ**

| စဉ် | သီးနှံအမည် | ၂၀၂၀-၂၀၂၁ခုနှစ် စိုက်ဧက | ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ဧက | တိုးတက်စိုက်ဧက |
|---|---|---|---|---|
| ၁ | စပါး | ၁၇,၂၀၂,၉၄၁ | ၁၇,၄၅၄,၀၉၈ | ၂၅၁,၁၅၇ |
| ၂ | အစေ့ထုတ်ပြောင်း | ၁,၃၇၅,၂၂၉ | ၁,၅၅၁,၄၆၇ | ၁၇၆,၂၃၈ |
| ၃ | မတ်ပဲ | ၂,၃၁၈,၂၁၁ | ၂,၆၀၃,၇၅၅ | ၂၈၅,၅၄၄ |
| ၄ | ပဲတီစိမ်း | ၂,၈၄၉,၉၆၇ | ၃,၂၃၇,၈၀၆ | ၃၈၇,၈၃၉ |
| ၅ | ပဲစင်းငုံ | ၁,၀၆၇,၂၀၉ | ၁,၁၄၁,၅၉၉ | ၇၄,၃၉၀ |
| ၆ | မြေပဲ | ၂,၈၁၈,၇၈၃ | ၃,၂၆၇,၅၃၇ | ၄၄၈,၇၅၄ |
| ၇ | နှမ်း | ၃,၇၉၉,၉၄၈ | ၃,၈၀၂,၂၇၉ | ၂,၃၃၁ |
| ၈ | နေကြာ | ၅၉၂,၂၀၆ | ၁,၀၇၀,၆၁၅ | ၄၇၈,၄၀၉ |
| ၉ | ဝါ | ၃၈၉,၉၇၀ | ၅၄၅,၃၆၁ | ၁၅၅,၃၉၁ |
| ၁၀ | ကြံ | ၇၄၁,၉၅၈ | ၇၆၆,၄၉၂ | ၂၄,၅၃၄ |
| ၁၁ | ကြက်သွန်ဖြူ | ၆၉,၅၄၁ | ၇၆,၀၇၈ | ၆,၅၃၇ |
| ၁၂ | ကြက်သွန်နီ | ၁၈၇,၃၈၅ | ၁၉၇,၂၁၃ | ၉,၈၂၈ |
| ၁၃ | အာလူး | ၇၄,၅၉၀ | ၆၇,၈၉၇ | -၆,၆၉၃ |
| ၁၄ | သရက် | ၂၆၅,၈၀၃ | ၂၇၂,၈၁၅ | ၇,၀၁၂ |
| ၁၅ | ဒူးရင်း | ၂၄,၀၅၉ | ၂၄,၀၄၄ | -၁၅ |
| ၁၆ | စပျစ် | ၄,၄၆၂ | ၄,၄၇၄ | ၁၂ |
| ၁၇ | ကော်ဖီ | ၅၀,၂၄၈ | ၆၃,၂၂၆ | ၁၂,၉၇၈ |
| | သီးနှံ(၆၁)မျိုး ပြည်ထောင်စုချုပ် | ၄၈,၃၂၂,၆၂၇ | ၅၂,၁၃၆,၆၄၂ | ၃,၈၁၄,၀၁၅ |

စိုက်ပျိုးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည်များ လမ်းညွှန်ခဲ့သည့်အတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်းအားဖြင့် အမျိုးသားရေးရည်မှန်းချက်ကို အောင်မြင်စွာဆောင်ရွက်ခဲ့နိုင်ကြောင်း လေ့လာတွေ့ရှိရသည်။

**စဉ်ဆက်မပြတ်**
**ဆောင်ရွက်ရမည့်ဆောင်ပုဒ် သုံးခု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်ပြီးနောက် ဖွဲ့စည်းခဲ့သော နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်လက်ထက်တွင်လည်း နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင်က **"နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"** ဟူသော ဆောင်ပုဒ်သုံးခု ချမှတ်ပေးခဲ့သည်။ **"ရှေ့၊ ဖွံ့၊ သာ"** ဟု အတိုကောက်မှတ်ယူနိုင်ပါသည်။

စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှုသာကျန်ရှိသည့် ကာကွယ်ရေးမောင်းနှင်အားကဏ္ဍနှင့် နိုင်ငံရေးမောင်းနှင်အားကဏ္ဍ အဆင်ပြေမည်ဖြစ်သည်။ စီးပွားရေးအင်အားတောင့်တင်းနေစေရန်အတွက် မိမိနိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အောင်မြင်စွာဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမည်။ ထိုမှတစ်ဆင့် Agro-based Industry ဖြစ်မြောက်အောင်လည်းဆောင်ရွက်ကြရမည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးအပါအဝင် ဒေသထွက်ကုန်ကြမ်းများကို အသုံးပြုကာ MSME လုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရန် နိုင်ငံတော်အစိုးရက ဘက်စုံကဏ္ဍစုံမှ ပံ့ပိုးပေးလျက်ရှိပါသည်။ အရည်အသွေးမြင့် ပြည်တွင်းထွက်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေးအတွက် အခွင့်အလမ်းများကိုလည်း အစိုးရက ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် **"နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"** ဟူသောဆောင်ပုဒ်ကို ပထမဆုံးဆောင်ပုဒ်အဖြစ် သတ်မှတ်ပေးထားသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုလျှင် ပညာတတ်လူသားအရင်းအမြစ်ပေါ်များနေရမည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးနှင့်ပတ်သက်လာလျှင် ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးသည်။ အခြေခံပညာ အလယ်တန်းအောင်မြင်သည်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှု စသည့် အသက်မွေးဝမ်းကျောင်းပညာ သင်ယူနိုင်ရေးလမ်းကြောင်းကို သင်ယူခွင့်ရရှိအောင် စီမံပေးထားသည်။ ခရိုင် ၈၈ ခုတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုအထက်တန်းကျောင်း ၈၉ ကျောင်း ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။ ထိုမှတစ်ဆင့် သက်ဆိုင်ရာဘွဲ့အသီးသီးရရှိစေရန် ဆက်လက်ကြိုးစားကြရမည်ဖြစ်သည်။ ယခင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို နေပြည်တော်ရေဆင်းတွင်သာရှိခဲ့သည်။ ယခုအခါ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်တစ်ခုကို ထပ်မံဖွင့်လှစ်နေပြီဖြစ်သည်။

ထို့အတူ ကွန်ပျူတာနှင့် နည်းပညာများကို ပေါင်းစပ်သင်ကြားပေးသည့် Polytechnic University ရှစ်ခုကို ဖွင့်လှစ်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်တွင် Naypyitaw State Academy ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၉ ရက်က တည်ထောင်ဖွင့်လှစ်ခဲ့သည်။ ယခုအခါ သုံးနှစ်ပြည့်မြောက်ပြီဖြစ်၍ စဉ်းစားတွေးခေါ်ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူလေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသည့် အဆင့်မြင့်ပညာရပ်များကို သင်ယူရာ ထိပ်တန်းတက္ကသိုလ်ဖြစ်လာစေရန် ဦးတည်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှုမှန်သမျှ၏ အဓိကအုတ်မြစ်ဖြစ်သည်။ ထို့ကြောင့် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"** ဟူသော ဒုတိယဆောင်ပုဒ်ကို ချမှတ်ခြင်းဖြစ်သည်။

လူတိုင်းသည် ခိုင်မာလုပသောခြံစည်းရိုးနှင့် အိမ်ကြီးအိမ်ကောင်းတွင် နေထိုင်လိုကြသည်။ ထို့အတူ ပတ်ဝန်းကျင်သန့်ရှင်းကောင်းမွန်ခြင်းကို နှစ်သက်သည်။ ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများရှိ အဆောက်အအုံများနှင့် လမ်းများကို မြင်တွေ့ရသည်မှာ မြင်ကွင်းကောင်းလှသည်။ ကားလမ်းများ၊ ရထားလမ်းများ၏ သဘာဝပတ်ဝန်းကျင်မှာလည်း သာယာငေးမောဖွယ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နေပြည်တော်မြို့တော်ကဲ့သို့ အခြားသောမြို့များတွင်လည်း သဘာဝပတ်ဝန်းကျင် သာယာလှပစေချင်သည်။ သစ်ပင်များစိုက်ပျိုးခြင်း၊ အမှိုက်များ စနစ်တကျ စွန့်ပစ်ခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေမည့် အခိုးအငွေ့များကင်းစင်ခြင်းတို့သည် သဘာဝပတ်ဝန်းကျင်ကို ကောင်းမွန်အောင် ထိန်းသိမ်းခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ကောင်းမွန်စွာ ထိန်းသိမ်းခြင်းအားဖြင့် လေကောင်းလေသန့်ရရှိပြီး ကျန်းမာရေးကို ကောင်းမွန်စေသည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်သယံဇာတများကို တရားလွန်ထုတ်ယူသုံးစွဲခြင်းသည် သဘာဝပတ်ဝန်းကျင် ပျက်စီးနိုင်သဖြင့် အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းတို့ကိုလည်း ရှောင်ကြဉ်ကြရမည်။ ထို့ကြောင့် **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့"** ဟူသော တတိယဆောင်ပုဒ်ကို ချမှတ်ခြင်းဖြစ်သည်။

ဤဆောင်ပုဒ်သုံးခုမှာ နိုင်ငံတော်တွင် မည်သည့်အစိုးရ တာဝန်ယူသည်ဖြစ်စေ မလွဲမသွေ ဆောင်ရွက်ရမည့် ရည်မှန်းချက်များလည်းဖြစ်သည်။

တပ်မတော်သည် အဓိကတာဝန်ကြီးသုံးခုဖြစ်သော ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တို့ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဟူသော ဆောင်ပုဒ်နှင့်အညီ ကျင့်ကြံနေထိုင် ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ အခြေခံကောင်းများရှိခြင်းကြောင့် နိုင်ငံတော်တာဝန်ကို ဦးဆောင်ရသည့်အခါတွင်လည်း နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်သော၊ အချိန်အခါမရွေး လိုအပ်သော ရည်မှန်းချက်များ၊ ဆောင်ပုဒ်များ ချမှတ်ကာ အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြစ်ပါသည်။ စိတ်ဓာတ်ခိုင်မာမှုနှင့် ဗွဲ့သတ္တိပြည့်ဝမှု၊ လေ့ကျင့်သားပြည့်ဝမှု၊ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက် ပြီးမြောက်အောင် ဆောင်ရွက်မှုတို့ကြောင့်ဖြစ်သည်။

ထိုအောင်မြင်မှုများမှာ မျက်စိဖြင့် မြင်နိုင်သောအရာများဖြစ်သည်။ အမှန်ကိုအမှန်အတိုင်း မြင်အောင်ကြည့်တတ်ကြရမည်ဖြစ်သည်။ အခက်အခဲမျိုးစုံကို ရင်ဆိုင်ကျော်လွှားကာ နိုင်ငံတော်ကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်၏ ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများကို ထင်ရှားစွာမြင်တွေ့နေရသည့်အတွက် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ခြင်းမှအစတည် "ရှေ့၊ ဖွံ့၊ သာစေမည့် တိုင်းပြည်"**သို့ ရောက်ရှိအောင် ပို့ဆောင်ပေးလျက်ရှိသည်ကို ဂုဏ်ပြုအပ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# ပန်းဘဲတန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**ရန်ကုန် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာများ၌ဆက်လက်ထိုးနှံပေးလျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီက အခြေခံပညာကျောင်း ဝန်ထမ်းမိသားစုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Pfizer ထိုးနှံပေးလျက်ရှိသည်။


ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကြူကြူသင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးရန် လာရောက်သူများအား အပူချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်တိုင်းခြင်း၊ ကိုယ်အလေးချိန်တိုင်းတာပေးခြင်းနှင့် လိုအပ်သည်များကိုဆောင်ရွက်ကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အားကောင်းသောလေဖိအားနည်းရပ်ဝန်းအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂၃**

ယနေ့မွန်းလွဲ ၃ နာရီခွဲတိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားအနီးတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၂၄ ရက်တွင် ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းတို့၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထိုမှတစ်ဆင့် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီးနောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ ဆိုင်ကလုန်းမုန်တိုင်း အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်ပါသည်။




**မိုး/ဇလ**

# မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (၁၈) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (၁၈) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကိုယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း နဝဒေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ ခင်နိုင်ဦးက Video Message ပေးပို့၍ နှုတ်ခွန်းဆက် အမှာစကားပြောကြားရာတွင် ၂၀၀၄ ခုနှစ်က စတင်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းကို မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ အရ ၂၀၁၅ ခုနှစ်တွင် စာရင်းပညာဆိုင်ရာ အမျိုးသားအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့ပြီး သီးခြားလွတ်လပ်သော မြန်မာနိုင်ငံ၏ စာရင်းပညာရှင်အဖွဲ့အစည်းအနေဖြင့် ရပ်တည်လျက်ရှိပါကြောင်း၊ စာရင်းပညာ ဖွံ့ဖြိုးတိုးတက်စေရေး၊ အသက်မွေးဝမ်းကျောင်းပညာရပ်၊ ကိုယ်ကျင့်တရားနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာစံများ၊ လိုက်နာမှုပိုမိုအားကောင်းစေရေးနှင့် နိုင်ငံတကာ ဘဏ္ဍာရေး အစီရင်ခံခြင်းဆိုင်ရာစံများ လိုက်နာကျင့်သုံးစေရေးတို့အတွက် စဉ်ဆက်မပြတ်လေ့လာသင်ယူမှု အစီအစဉ်များ အမြဲမပြတ် ဆောင်ရွက်ပေးလျက် ရှိသည်ကို တွေ့ရှိရပါကြောင်း။

ထို့အပြင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို သိရှိနားလည်ပြီး လိုက်နာမှု အားကောင်းစေရေးအတွက်လည်း အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ အသင်းအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အသင်းသားများအနေဖြင့် မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ ပါပြဋ္ဌာန်းချက်များ၊ အသင်းနှင့် ကောင်စီတို့မှ ထုတ်ပြန်ထားသည့် လုပ်ငန်းနှင့် ကျင့်ဝတ်သိက္ခာဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာ၍ ပညာရပ်ဆိုင်ရာအရည်အချင်းများ ပိုမိုပြည့်ဝစေရေးနှင့် အသင်းကြီးခိုင်မာအားကောင်းစွာ ရေရှည်တည်တံ့နိုင်ရေးနှင့် ပိုမိုဖွံ့ဖြိုး တိုးတက်လာစေရေးတို့အတွက် အသင်းသားအားလုံးတို့က ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အစည်းအဝေး သဘာပတိ ဦးသိန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝမ်းတင်က အမှာစကားပြောကြားကာ ၂၀၂၄-၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ စာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြ အတည်ပြုခြင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ် ခန့်အပ်ခြင်းများကို အတည်ပြုချက်ရယူခြင်း၊ ဘုတ်အဖွဲ့ဝင်များ အလှည့်ကျ နုတ်ထွက်ခြင်းနှင့် ရွေးချယ် တင်မြှောက်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြ၍ အစည်းအဝေးသဘာပတိ ဦးသိန်းမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းနာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်ပညာရှင်များကို အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ် ပျိုးထောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၂၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် နိုဝင်ဘာ ၂၂ ရက်တွင် လှိုင်မြို့နယ်ရှိ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန သတင်းအချက်အလက် နည်းပညာတက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အိုင်တီလူငယ်ပညာရှင်များကို အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ် ပျိုးထောင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ကျောင်းဖွင့်ချိန်အမီ စာသင်ခန်းနှင့် ကွန်ပျူတာစက်ခန်းများပြင်ဆင်ထားရှိမှု၊ တက္ကသိုလ်ဥပမိရပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ရန်ကုန်နည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး ကျောင်းဖွင့်ချိန်အမီ စာသင်ခန်းများနှင့် ပုံဆွဲခန်းများ၊ လက်တွေ့ခန်းများ ပြင်ဆင်ထားရှိမှု၊ ကျောင်းသားအဆောင်များ ပြင်ဆင်ထားရှိမှု၊ စာကြည့်တိုက်၊ ပင်မစာသင်ဆောင်အနီးဝန်းကျင်နှင့် တက္ကသိုလ်ဥပမိရပ်ကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ အင်ဂျင်နီယာနည်းပညာကဏ္ဍ၌ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ နောက်ကျမကျန်ခဲ့စေရေးနှင့် နိုင်ငံ့အကျိုးပြု သုတေသနစီမံကိန်းများဖြင့် ရှင်သန်သက်ဝင်သော တက္ကသိုလ်ဖြစ်စေရေး မှာကြားပြီး ပထမနှစ် ကျောင်းအပ်နှံနေမှုကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၌ ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နိုင်ငံတော်က အားထားရသော မျိုးဆက်သစ်အင်ဂျင်နီယာများ မွေးထုတ်နိုင်ရေး မှာကြားသည်။

**မှာကြား**

ယင်းနောက် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (ရွာမ)၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဌာနများ၊ အလုပ်ရုံများ၌ ကျောင်းသား ကျောင်းသူများ လက်တွေ့လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုအားပေးကာ ထူးချွန်ကျောင်းသားများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး လူငယ်များ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်ရေး နိုင်ငံတော်က အခမဲ့အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည်ကို တန်ဖိုးထားလေ့ကျင့်ကြရန်နှင့် ပြည်သူကို အမှန်တကယ် အလုပ်အကျွေးပြုနိုင်သည့် ဗလငါးတန်နှင့် ပြည့်စုံသော ပညာရှင်များဖြစ်စေရေး ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ



တောင်ငူ နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို တောင်ငူမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ယမန်နေ့နံနက် ၉ နာရီက ကျင်းပသည်။

**ပြောကြား**

ဦးစွာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ကြင်ကြင်သန်း၊ တောင်ငူခရိုင် ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးညီညီလွင်စိုး၊ တောင်ငူတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်ညွန့်၊ ခရိုင်ပညာရေးမှူး ဒေါက်တာ နော်ဥမ္မာထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အခြေခံပညာကျောင်းများကို အခြေခံ၍ ကျင်းပလျက်ရှိပြီး ကျောင်းသားလူငယ်များ နိုင်ငံ့အနာဂတ်လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်မှုများ အရှိန်အဟုန်မြင့်မားလာစေရန်၊ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ စာဖတ်သည့် ဓလေ့၊ စာကြည့်တိုက်များသို့ သွားလာသည့် အလေ့အကျင့်များ ဖြစ်လာစေရန်၊ စာဖတ်ခြင်းကို တန်ဖိုးထားကာ ဉာဏ်ပညာအတွေးအခေါ် မြင့်မားရေး၊ ဗဟုသုတပြည့်စုံကြွယ်ဝရေးတို့အတွက် စာတတ်သူတိုင်း စာဖတ်ကြရန်၊ ပညာဗဟုသုတ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ကျင်းပဆောင်ရွက်ခြင်း ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက တောင်ငူမြို့နယ်အတွင်းရှိကျောင်းစာကြည့်တိုက်များအတွက် စာအုပ်များကို ပေးအပ်လှူဒါန်းရာ ခရိုင်ပညာရေးမှူး ဒေါက်တာနော်ဥမ္မာထွန်းက လက်ခံရယူသည်။

ယင်းနောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် ဟောပြောဆွေးနွေးသည့် စာပေပညာရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများက စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲများတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆု(၁)၊ နှစ်သိမ့်ဆု(၂) ရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် အနာထပိဏ္ဍိက သံဃဝိဟာရ လေးထပ်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်းပွဲ အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်နယ်နိမိတ်အတွင်း၌ တည်ဆောက်ပြီးစီးခဲ့သည့် အနာထပိဏ္ဍိကသံဃဝိဟာရ လေးထပ်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဘာဝနာမဟာသဘာ တရားထိုင်ခန်းမ၌ ကျင်းပသည်။




အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ကျောင်းဆောင်သစ်အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ အနာထပိဏ္ဍိကသံဃဝိဟာရ လေးထပ်ကျောင်းဆောင်သစ်ကြီးရှိ ကျောင်းဆောင်၊ အခန်းများ၏ ကမ္ပည်းမော်ကွန်းဆိုင်းဘုတ်များကို ပါမောက္ခချုပ်ဆရာတော်ထံသို့ သဟတ္ထိကဒါနမြောက် အပ်နှံလှူဒါန်းကြသည်။

ထို့နောက် ပါမောက္ခချုပ်ဆရာတော်က အလှူရှင်များကိုယ်စား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပင်မကျောင်းဆောင်သစ် ဦးဆောင်မတည်အလှူရှင်တို့အား တက္ကသိုလ်ပုံ ကျောက်စီပန်းချီကား ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အလှူရှင်များကိုယ်စား အနာထပိဏ္ဍိကသံဃဝိဟာရ လေးထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းပြား ဆိုင်းဘုတ်ကို အမြဲတမ်းအတွင်းဝန်ထံ ပေးအပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားခဲ့ကြောင်း သိရသည်။

ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏ ဘောလုံးကွင်း၌ မြန်မာလက်ရွေးစင် ယူ-၁၇ အမျိုးသားအသင်းနှင့် အာဖဂန်နစ္စတန်လက်ရွေးစင် ယူ-၁၇ အမျိုးသားအသင်းတို့၏ ၂၀၂၆ ယူ-၁၇ အာရှဖလား ခြေစစ်ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဘောလုံးချစ်ပရိသတ်များ ကြည့်ရှုအားပေးကြရာ ပွဲပြီးဆုံးချိန် မြန်မာလက်ရွေးစင် ယူ-၁၇ အမျိုးသားအသင်းက သုံးဂိုးနှင့် အာဖဂန်နစ္စတန်လက်ရွေးစင် ယူ-၁၇ အမျိုးသားအသင်းက တစ်ဂိုးဖြင့် မြန်မာလက်ရွေးစင်ယူ-၁၇အမျိုးသားအသင်းက အနိုင်ရရှိခဲ့သည်။

မြန်မာလက်ရွေးစင် ယူ-၁၇ အမျိုးသားအသင်းသည် ၂၀၂၆ ယူ-၁၇ အာရှဖလား ခြေစစ်ပွဲစဉ်အုပ်စု(G) တွင် အာဖဂန်နစ္စတန်၊ နီပေါ၊ အိုမန်နှင့် ဆီးရီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး နိုဝင်ဘာ ၂၄ ရက်တွင် နီပေါ၊ နိုဝင်ဘာ ၂၈ ရက်တွင် အိုမန်၊ နိုဝင်ဘာ ၃၀ ရက်တွင် ဆီးရီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**



## ရေးမြို့ တစ်ပုလ္လင်နှစ်ဆူ စေတီပရိဝုဏ်အတွင်း၌ ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရေး နိုဝင်ဘာ ၂၃

မွန်ပြည်နယ် ရေးမြို့နယ်တွင် ယမန်နေ့နံနက်ပိုင်းက သီရိနန္ဒာရပ်ကွက် တစ်ပုလ္လင်နှစ်ဆူ စေတီပရိဝုဏ်အတွင်း၌ ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

ထိုသို့ သန့်ရှင်းရေးဆောင်ရွက်ပေးမှုကို နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ခိုင်ဇော်၊ ရေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထိန်စိုး၊ မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပူးပေါင်းအဖွဲ့တို့၏ စုပေါင်းအားဖြင့် ဘုရားဖူးပရိဝုဏ်အတွင်းရှိ ဝတ်တော်များ၊ အရံစေတီငယ်များအား သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ လျှောက်လမ်းတစ်လျှောက် အမှိုက်များလှည်းခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေထွက်မြောင်းများ ရေတင်ကျန်မှုမရှိရေး ရှင်းလင်းခြင်းနှင့် ခြင်များခိုအောင်းနိုင်သည့်နေရာများ ရှင်းလင်းဆောင်ရွက်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဝင်းမာလာက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးရဲနိုင်ဝင်းက ပြေစာတံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများအကြောင်း ရှင်းလင်းဆွေးနွေးပြောကြားပြီး အခွန်ထမ်းပြည်သူများက သိရှိလိုသည်များ မေးမြန်းကြရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တနင်္သာရီမြို့နယ်၌ သာသနဇောတိသိမ်တော်နှင့် ကျောင်းမုခ်ဦးဖွင့်ပွဲအလှူတော်မင်္ဂလာကျင်းပ

တနင်္သာရီ နိုဝင်ဘာ ၂၃

တနင်္သာရီတိုင်း ဒေသကြီး တနင်္သာရီမြို့နယ် ချောင်းငယ်ရပ်ကွက်ရှိ မြသီတာဘုန်းတော်ကြီးကျောင်းတိုက်၌ သာသနဇောတိသိမ်တော် ကျောင်းမုခ်ဦးဖွင့်ပွဲနှင့် အုတ်တံတိုင်းများ ရေစက်သွန်းချ တရားတော်နာ အလှူတော်မင်္ဂလာကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ အလှူဒါယကာ ဦးမောင်စိုးနှင့် ဒေါ်မာမာတင်မိသားစုတို့ လှူဒါန်းသော မြသီတာဘုန်းတော်ကြီးကျောင်းမုခ်ဦးအား ဆရာတော် ဦးဝိမလနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။ ဆက်လက်၍ မြသီတာဘုန်းတော်ကြီး ကျောင်းဝင်းအတွင်း ခုနစ်ရက်သားသမီးများ စုပေါင်းလှူဒါန်းသော သာသနဇောတိသိမ်တော်ကို ဗိုလ်မှူးကြီး မျိုးမင်းသူနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ထို့နောက် ဗိုလ်မှူးကြီး မျိုးမင်းသူနှင့် ကြွရောက်လာကြသော ဧည့်ပရိသတ်အပေါင်းတို့က ချောင်းငယ်ရပ်ကွက် မြသီတာဘုန်းတော်ကြီး ကျောင်းတိုက် ဆရာတော် ဦးဝိမလထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး အနုမောဒနာတရားများ နာယူကြည်ညိုကြကာ ပင့်ဖိတ်ထားသော ဆရာတော် သံဃာတော် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သီသီခိုင်(တနင်္သာရီ)**



## ဟိုင်းကြီးကျွန်းမြို့၌ မီးဘေးလုံခြုံရေးပိုစတာစိုက်ထူခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ

ဟိုင်းကြီးကျွန်း နိုဝင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ မီးဘေးလုံခြုံရေး ပိုစတာစိုက်ထူခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက လူစည်ကားရာ မြို့အဝင်တံတားလမ်းဆုံ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဟိုင်းကြီးကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်ဇော်လင်း ဦးဆောင်သော မြို့အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဟိုင်းကြီးကျွန်းမြို့ နယ်မြေမီးသတ်စခန်းတာဝန်ခံ ဦးကျော်ကျော်လွင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးပိုစတာအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းစိုက်ထူခဲ့ကြပြီး ဟိုင်းကြီးကျွန်းမြို့အတွင်း လူစည်ကားရာနေရာများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ဆက်လက်ကျင်းပ၊ ကျောက်စိမ်းအတွဲပေါင်း ၆၄၀ ရောင်းချရ



နေပြည်တော် နိုဝင်ဘာ ၂၃

၂၀၂၅ ခုနှစ် အကြိမ် (၆၀) မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ယနေ့ပြပွဲတွင် အုပ်စု(အေနှင့်ဘီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၉၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၆၄၀ ကို ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ထို့ပြင် ပြပွဲအဋ္ဌမနေ့တွင် ရောင်းချမည့်အုပ်စု (စီ) အတွဲအမှတ်(၂၉၀၁)မှ (၃၆၅၀) အထိကို ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းပေးသွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။ အဆိုပါဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ယနေ့ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကြေညာသွားမည်ဖြစ်သည်။

ယနေ့ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျောက်စိမ်းအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပြပွဲတွင် အုပ်စု(အေ၊ ဘီနှင့် စီ)တို့မှ ကျောက်စိမ်းအတွဲပေါင်း ၅၀၈၅ တွဲကို နေ့ရက်အလိုက် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးလျက်ရှိရာ ပြပွဲပဥ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၇၅၄ တွဲကို လည်းကောင်း၊ ပြပွဲဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၇၁၆ တွဲကိုလည်းကောင်း၊ ပြပွဲသတ္တမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၉၀၀ အနက် ကျောက်စိမ်းအတွဲပေါင်း ၆၄၀ ကိုလည်းကောင်း ရောင်းချပေးနိုင်ခဲ့ပြီး ကျန်ရှိသည့်အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၆ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ယင်းအုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားများဖြင့် ပေးချေဝယ်ယူနိုင်မည်ဖြစ်ပြီး ပြည်တွင်း ရတနာကုန်သည်များအနေဖြင့် မြန်မာကျပ်ငွေဖြင့် ပေးချေဝယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နယ်စပ်ရေးရာဝန်ကြီးဌာနက ရောဝတီတိုင်းဒေသကြီးအတွင်း ဆိုလာရေတင်စနစ်ဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် နိုဝင်ဘာ ၂၃

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည့် ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် သိလ္လာချောင်းဖျားကျေးရွာအုပ်စု ကျေးလက်ဆေးပေးခန်း၌ လိုအပ်လျက်ရှိသည့် သန့်ရှင်းသောသောက်သုံးရေနှင့် သားဖွားခန်းသုံး ရေလုံလောက်စွာရရှိနိုင်စေရန်အတွက် လေးလက်မစက်ရေတွင်းတူးဖော်၍ ဆိုလာစနစ်ဖြင့် ရေတင်ခြင်း၊ ရေစုကန်၊ ရေစစ်ကန်နှင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနက ဆိုလာရေတင်စနစ်ဖြင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးနိုင်မှုကြောင့် ယခင်က ကျေးလက်ဆေးပေးခန်းသို့ လာရောက်ကုသမှုခံယူကြသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် နာမကျန်းဖြစ်သူ ဒေသခံပြည်သူများက ရေရရှိရေးအတွက် အခက်အခဲများဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ အချိန်မရွေး သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိအသုံးပြုနိုင်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုမြင့်မားလာနိုင်ပြီး လူမှုဘဝများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကလောမြို့နယ်၌ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ကလော နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယနေ့နံနက် ၁၀ နာရီတွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် ကလောမြို့နယ်ရှိ မြို့နယ်သမဝါယမဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုမှ အမှုဆောင်များနှင့်တွေ့ဆုံ၍ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး၊ သမဝါယမကဏ္ဍက ဆောင်ရွက်လျက်ရှိသည့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားသည်။



ထို့နောက် ကလောမြို့နယ်ရှိ ရွှေကလော အထွေထွေရောင်းဝယ်ရေး သမဝါယမအသင်းက ဖွင့်လှစ်ထားသည့် ဆန်ရောင်းဝယ်ရေးလုပ်ငန်း အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့နယ်အတွင်းရှိ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်စေရေးအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီး ရရှိစေရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

# လှည်းကူးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် Biometric ကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူများ မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ကြာအင်းကျေးရွာအုပ်စုသို့ သွားရောက်၍ နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်ပေးခြင်းနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လှည်းကူးမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ကြာအင်းကျေးရွာရှိ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူများကို ပြုလုပ်ပေးခြင်းနှင့်Biometric ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# Alpha ဘိလပ်မြေစက်ရုံ၌ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြ

ကျောက်ဆည် နိုဝင်ဘာ ၂၃

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် မီးသတ်ဦးစီးဌာနက နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီတွင် Alpha ဘိလပ်မြေစက်ရုံ၌ အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်သရုပ်ပြဓာတ်တိုက် လေ့ကျင့်မှုများ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ကျောက်ဆည်မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးသန့်ဇင်ဦးက မီးလောင်မှုအခြေခံ သဘောတရားများ၊ မီးလောင်မှု အဆင့်အတန်းအမျိုးအစား ခွဲခြားခြင်းများ၊ မီးလောင်မှု ဖြစ်ပွားရခြင်း၏ အကြောင်းရင်းများကို ရှင်းလင်းပြောကြားပြီး Alpha ဘိလပ်မြေစက်ရုံမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား DCP မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ ရေစိုဝတ်အသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ ပိုက်လိပ်/ပိုက်ခေါက်အသုံးပြုခြင်းနှင့် ရေစိုလေ့ကျင့်ခန်းများကို လက်တွေ့ဓာတ်တိုက် လေ့ကျင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်ဇော်ဦးဆောင်သည့်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် မြို့နယ်အတွင်း နေထိုင်ကြသော နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် မြန်မာတိုင်းရင်းသား မျိုးနွယ်စုများအား ကိုင်ဆောင်သင့်သည့် နိုင်ငံသားစိစစ်ရေးကတ် တစ်မျိုးမျိုး ရရှိနိုင်ရေးနှင့် အိမ်ထောင်စု လူဦးရေစာရင်း ထုတ်ပေးခြင်းကို ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

# တာမွေမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



ထိုကဲ့သို့ ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးရာတွင် တာမွေမြို့နယ်ရှိ အရိုးကုန်းရပ်ကွက်နှင့် ဗျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက်အတွင်း နေထိုင်ကြသော မြန်မာတိုင်းရင်းသား မျိုးနွယ်စုများအား နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်ဆောင်ရွက်ပေးခြင်း သုံးနှစ်ပြည့်မြောက်ခဲ့ပြီဖြစ်



ပဲခူး နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် ယမန်နေ့နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် (၃၆)ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်ဆောင်ရွက်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

လှည့်လည်ကြည့်ရှုအားပေး

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူတို့သည် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူနေကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးနေမှုတို့ကို လိုက်လံကြည့်ရှုပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက် အားပေးစကားပြောကြားသည်။ ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား စေတနာ၊ မေတ္တာ၊ ကရုဏာထား၍ဆေးကုသမှုပေးခဲ့သည့်အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည့် ကြက်ခြေနီအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် မြို့မိ/မြို့ဖများအား ကျေးဇူးတင်စကားပြောကြားကာ ဆေးကုသမှုလာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား Smart Card ပြုလုပ်ပေးခြင်း၊ MEVM စက်ဖြင့် မဲပေးမှုသရုပ်ပြသခြင်းနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းတို့ကို တာဝန်ရှိသူများ ပြုလုပ်ပေးနေမှုတို့အား လှည့်လည်ကြည့်ရှုအားပေးသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာပျော်ရွှင် အသက်ရှည်စွာနေထိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှုဖြင့် လစဉ်တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှုစစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါးတစ်လစာ လစဉ်ထောက်ပံ့ပေးခြင်းအပြင် ကာကွယ်ဆေးထိုးပေးခြင်းနှင့် အခြေခံစားသုံးကုန်များအား သက်သာသောနှုန်းထားဖြင့် ရောင်းချပေးခြင်းများအား စဉ်ဆက်မပြတ်ဆောင်ရွက်ပေးခဲ့သည်။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား လစဉ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်မှ စတင်ဆောင်ရွက်ပေးခဲ့ရာ ယခု ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၁ ရက်တွင် သုံးနှစ်တိတိပြည့်မြောက်ခဲ့ပြီဖြစ်၍ ဆေးကုသမှုလာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား တစ်ဦးလျှင် စားသုံးဆီ ၅၀ ကျပ်သားနှင့် ကျန်းမာရေးဝန်ဆောင်မှုဆောင်ရွက်ပေးခဲ့သည့် ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများအား အောင်သုခဆေးကုသဆောင်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ချောင်းဆုံမြို့နယ် မုရစ်ကလေးကျေးရွာ တိုက်နယ်ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းကုသပေးခြင်း ကြည့်ရှုအားပေး



**မော်လမြိုင် နိုဝင်ဘာ ၂၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မွန်ပြည်နယ် ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများအား အခမဲ့ ကွင်းဆေးကုသပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ချောင်းဆုံမြို့နယ် မုရစ်ကလေးကျေးရွာ တိုက်နယ်ဆေးရုံ၌ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူများအား ကျန်းမာရေး အခမဲ့စစ်ဆေးကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့လှူဒါန်းပေးခြင်းကို ကြည့်ရှုအားပေးပြီး ကျန်းမာရေးစောင့်ရှောက် ကုသမှုလာရောက် ခံယူသူများကို အာဟာရမုန့်၊ စားစရာများ၊ ရေသန့်ဘူးများ အခမဲ့ဝေငှပေးပြီး ရင်းရင်းနှီးနှီး လိုက်လံအားပေးနှုတ်ဆက်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ချောင်းဆုံမြို့နယ် ပြည်သူ့ဆေးရုံ၊ ကညွှဲကျေးရွာ၊ မုရစ်ကလေးကျေးရွာတို့ရှိ တိုက်နယ်ဆေးရုံများအတွက် လိုအပ်သည့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများပေးအပ်ပြီး မုရစ်ကလေးတိုက်နယ်ဆေးရုံတွင် ဖျားနာ၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အကြောအဆစ်၊ အရေပြား၊ သွားနှင့်ခံတွင်း၊ ဓာတ်မှန် အစရှိသည့် ကျွမ်းကျင် အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ကြည့်ရှုအားပေးကာ ပြည်နယ်ဝန်ကြီးချုပ်က အခမဲ့ကွင်းဆင်း ဆေးကုပေးသော အထူးကု ဆရာဝန်ကြီးများကို အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၏ ၂၀၂၅-၂၀၂၈ သက်တမ်းအတွက် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို မော်လမြိုင်မြို့ ငွေမိုးဟိုတယ်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဦးအောင်မျိုးထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား၍ ဥက္ကဋ္ဌ ဦးတင်ကိုကိုက အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းအလုပ်အမှုဆောင်များ၊ အသင်းသူ အသင်းသားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အသင်းအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# မရမ်းကုန်းခရိုင် ပညာရေးမှူးရုံး၌ အာဟာရထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့က ကျောင်းကျန်းမာရေး အာဟာရထောက်ပံ့ငွေပေးအပ်ပွဲကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် မရမ်းကုန်းခရိုင် ပညာရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက ကျောင်းကျန်းမာရေး အာဟာရထောက်ပံ့ငွေပေးအပ်သည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်က ကျောင်းကျန်းမာရေး အာဟာရထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို မရမ်းကုန်းမြို့နယ် ပညာရေးမှူး တာဝန်ခံ ဦးရဲရင့်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ရေစကြိုမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်ကုသခြင်းနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပ



ရေစကြို နိုဝင်ဘာ ၂၃

ရေစကြိုမြို့ သုခဝတီရပ်ကွက် အမှတ်(၁၆၇) မူလတန်းလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်ကုသပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

အဆိုပါကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၂၄ ဦးတို့အား မြို့နယ်တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ယုယုထွေးက ကျန်းမာရေးစောင့်ရှောက်ကုသမှုပေးခဲ့ပြီး အအေးမိ၊ နှာစေး၊ ချောင်းဆိုး ရောဂါကာကွယ်ရန်နည်းလမ်းများအကြောင်းကို အသိပညာပေးဟောပြောခဲ့ရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၇၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝေဇင်မို့(ရေစကြို)**

# ဇိုမီးအမျိုးသားပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၂၃

**ဇိုမီးအမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါ်ကိုင်းအင်းကျိန်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၂၃ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



မင်္ဂလာပါရှင့်

ကျွန်မနာမည် ဒေါ်ကိုင်းအင်းကျိန် ဖြစ်ပါတယ်ရှင့်။ လက်ရှိပါတီတာဝန်ကတော့ ဇိုမီးအမျိုးသားပါတီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦး ဖြစ်ပါသည်။ ယခုချိန်မှစ၍ ဇိုမီးအမျိုးသားပါတီ၏ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်များကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါသည်။ ဇိုမီးမိဘပြည်သူများရှင့် ... မကြာမီ စတင်ကျင်းပပြုလုပ်မယ့် အထွေထွေရွေးကောက်ပွဲ၌ ကျွန်မတို့ ဇိုမီးအမျိုးသားပါတီသည်လည်း လွှတ်တော်အသီးသီးတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပါသဖြင့် တတ်နိုင်သည့်ဘက်မှ ဝိုင်းဝန်းထောက်ခံရပ်တည်ပေးနိုင်ရန် ပထမဦးစွာတင်ပြလိုပါသည်။ လာမည့်အထွေထွေရွေးကောက်ပွဲတွင် မိဘပြည်သူများ ဆုံးဖြတ်ချက်မမှားစေရန်နှင့် ဇိုမီးတိုင်းရင်းသားများ နောက်ကောက်မကျန်ရစ်စေရန်အတွက် အချိန်မီ ပြင်ဆင်သင့်သည်များ ပြင်ဆင်နိုင်ဖို့လည်း အသိပေးနှိုးဆော်လိုပါသည်။ ကျွန်မတို့ ဇိုမီးအမျိုးသားပါတီအနေဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းများဖြင့် တည်ဆဲဥပဒေဘောင်များအတွင်း၌သာ အဖြေရှာနိုင်မည်ဟု အခိုင်အမာ ယုံကြည်ပါသည်။

ထို့ပြင် ကျွန်မတို့ ဇိုမီးအမျိုးသားပါတီ၏ နိုင်ငံရေးသဘောထားရပ်တည်ချက်များမှာ ဇိုမီးတိုင်းရင်းသားများအပါအဝင် မြန်မာပြည်တွင် မှီတင်းနေထိုင်သော တိုင်းရင်းသားအားလုံးတို့၏ နိုင်ငံရေးအရ တန်းတူညီမှုရရှိဖို့နဲ့ အနှစ်သာရပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုပေါ်ပေါက်ရေးအတွက် သက်ဆိုင်ရာ အင်အားစုအသီးသီးတို့နဲ့ လက်တွဲအကောင်အထည်ဖော်တည်ဆောက်ဖို့ ကြိုးစားဆောင်ရွက်သွားရန် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မတို့ ဇိုမီးအမျိုးသားပါတီ၏ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်များကို အောက်ပါအတိုင်း တင်ပြသွားမှာ ဖြစ်ပါတယ်ရှင့်။

**အခြေခံမူများ**

(၁) ဇိုမီးတိုင်းရင်းသားများ၏ အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်မြှင့်တင်ရေး၊

(၂) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ပီပြင်စွာ ပေါ်ထွန်းရေးအတွက် အခြားသော ညီအစ်ကို တိုင်းရင်းသားများနှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊

(၃) ဇိုမီးတိုင်းရင်းသားများ၏ ဥစ္စာခေန၊ အမိမြေ၊ ကိုးကွယ်သည့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအား ကာကွယ်၊ ထိန်းသိမ်း၊ စောင့်ရှောက်၊ မြှင့်တင်ရေး၊

(၄) နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ငြိမ်းချမ်းသာယာသော လူ့အသိုက်အဝန်း တည်ဆောက်ရေးနှင့်လွတ်လပ်ရေး အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေး၊

(၅) မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်များနှင့် နိုင်ငံပြန်လည်တည်ဆောက်ရေးတွင် ဇိုမီးတိုင်းရင်းသားများအား ကိုယ်စားပြု အရေးဆိုနိုင်ရေးတို့ဖြစ်ပါသည်။

ကျွန်မတို့ ဇိုမီးအမျိုးသားပါတီ၏ အဓိကရည်ရွယ်ချက်များကိုလည်း ဆက်လက်တင်ပြသွားမှာ ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

(၁) ဇိုမီးတိုင်းရင်းသားများအားလုံး သွေးစည်းညီညွတ်ရေးရရှိအောင် ဆောင်ရွက်သွားမယ်၊

(၂) အခြေခံလူ့အခွင့်အရေးများရရှိရေးနှင့် ဒီမိုကရေစီအခွင့်အရေးကြောင့် လူနည်းစု၏အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေး ထိခိုက်ဆုံးရှုံးမှုမရှိဘဲ အထိအခိုက်မရှိအောင် ဆောင်ရွက်မယ်၊

(၃) အမိမြန်မာနိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ပိုမိုပြီးတိုးတက်မြင့်မားရေး ကြိုးပမ်းမယ်၊

(၄) ဇိုမီးတိုင်းရင်းသားများ ဘိုးဘွားစဉ်ဆက်နေထိုင်သည့် ဒေသများနှင့်ဆက်စပ်တဲ့ ဒေသအားလုံး တစ်ပြေးညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားမယ်၊

(၅) လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုးပမ်းမယ်၊

(၆) ဇိုမီးဒေသအတွင်း ထွက်ရှိသော သဘာဝသယံဇာတများ၏ ထိုက်သင့်သော အကျိုးခံစားခွင့်များကို ဇိုမီးတိုင်းရင်းသားများ ရရှိအောင် ကြိုးစားဖော်ဆောင်မယ်၊

(၇) ဇိုမီးဒေသအတွင်းရှိ နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် ထိုလမ်းကြောင်းများမှ ရရှိသော အခွန်အခ(သို့မဟုတ်) အကောက်ခွန်များကို ပြည်ထောင်စု၊ ပြည်နယ်နှင့် ဒေသန္တရဒေသများရှိ ပြည်သူများ သာတူညီစွာရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

တစ်ဆက်တည်းတွင်ဆက်လက်၍ ကျွန်မတို့ ဇိုမီးအမျိုးသားပါတီ၏ ရှေ့လုပ်ငန်းစဉ်များကိုလည်း မိဘပြည်သူများ သိရှိနိုင်ပါရန် တင်ပြဆွေးနွေးသွားမှာဖြစ်ပါသည်။

**လုပ်ငန်းစဉ်များ**

(၁) ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်သော ပြည်သူလူထုတစ်ရပ်လုံး၏ ဒီမိုကရေစီအခွင့်အရေးကို ထောက်ခံကာကွယ်ရေး၊

(၂) တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ချစ်ကြည်ရေး၊ စည်းလုံးညီညွတ်ရေး၊ တရားမျှတသော တန်းတူအခွင့်အရေးရရှိရေး စသည်တို့ကို အခိုင်အမာ တည်ဆောက်ရင်း ပြည်ထောင်စုကြီး၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရေး၊

(၃) လွတ်လပ်၍ ပွင့်လင်းသော နိုင်ငံရေးမူဝါဒကို ကျင့်သုံးရင်း ပြည်တွင်းငြိမ်းချမ်းရေးမှတစ်ဆင့် ကမ္ဘာ့ငြိမ်းချမ်းရေးကိုတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရေး၊

(၄) နိုင်ငံသားတိုင်းနှင့် လူနည်းစုများ၏ ပညာသင်ကြားခွင့် အခွင့်အလမ်းများနှင့် မိမိလိုချင်သည့် အသက်မွေးဝမ်းကျောင်း ပညာအရပ်ရပ်တို့အား လွတ်လပ်စွာ လေ့လာဆည်းပူးနိုင်ရေးတွက် အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်ရေးတို့ ဖြစ်ပါသည်။

နိဂုံးချုပ်အနေနဲ့ ကျွန်မတင်ပြလိုတာကတော့ ဇိုမီးမိဘပြည်သူများအနေဖြင့် သိထားရမည်မှာ အခြားသော သက်ဆိုင်ရာ တိုင်းရင်းသားညီအစ်ကိုအသီးသီးတို့သည်လည်း မိမိတို့တိုင်းရင်းသားလူမျိုးကို ကိုယ်စားပြုသော ပါတီကိုသာလျှင် ထောက်ခံဆန္ဒမဲပေး ရွေးကောက်တင်မြှောက်ကြမည်မှာ ဧကန်မလွဲဖြစ်ပါသည်။ ထို့ကြောင့် ဇိုမီးမိဘပြည်သူများအနေဖြင့်လည်း ဇိုမီးတိုင်းရင်းသားများ၏ အမျိုးသားအကျိုးစီးပွား ကာကွယ်စောင့်ရှောက် မြှင့်တင်နိုင်မယ့် မိမိတို့လူမျိုးကို ကိုယ်စားပြုသည့် ဇိုမီးအမျိုးသားပါတီကိုသာ ထောက်ခံဆန္ဒမဲပေး ရွေးကောက်တင်မြှောက်ကြပါရန် ကျွန်မအနေဖြင့် အလေးအနက်ထား နှိုးဆော်တိုက်တွန်းချင်ပါတယ်ရှင့်။

မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် နိုဝင်ဘာ ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်၊ ဆဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၂၄.၁၁.၂၀၂၅ ရက်မှ ၂.၁.၂၀၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေးဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၂၀၆၇
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဒုတိယအကြိမ် မဲစာရင်းကပ်ထားမှုအား တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ကွင်းဆင်းကြည့်ရှု

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တွင် မကြာမီကျင်းပပြုလုပ်မည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့်အဖွဲ့သည် ခရိုင်ရွေးကောက်ပွဲအရာရှိနှင့်အတူ နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက ရပ်ကွက်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးတွင် ဒုတိယ အကြိမ် မဲစာရင်းကပ်ထားမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့်အဖွဲ့၊ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးစိုးစိုးလွင်နှင့်အဖွဲ့တို့က ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၅)ရပ်ကွက် လောင်းလုံလမ်း ပုညကုသလဓမ္မာရုံရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ဒုတိယ အကြိမ် မဲစာရင်းကပ်ထား ကြေညာမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သန်းသန်းအေး(ဒဂုံတောင်)**



## ဟုမ္မလင်းမြို့၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်

ဟုမ္မလင်း နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းကို ယမန်နေ့နံနက် ၉ နာရီက ဟုမ္မလင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးဦးလှဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ခန္တီးခရိုင်ရွေးကောက်ပွဲအရာရှိ ဦးဇော်ထွန်းနိုင်က မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါသင်တန်းကို နိုဝင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကာ ဟုမ္မလင်းမြို့နယ်အတွင်းမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူး တာဝန်ထမ်းဆောင်ကြမည့် သင်တန်းသား သင်တန်းသူ ၁၄၂ ဦး တက်ရောက်ခဲ့သည်။

အခမ်းအနားသို့ ခရိုင်အုပ်ချုပ်ရေးမှူးဦးလှဝင်းအောင်၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

## တံတားဦးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကြေညာ

တံတားဦး နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကြေညာမှုကို ယမန်နေ့ နံနက်ပိုင်းမှ စတင်ပြီး ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် ကြေညာထားကြောင်း သိရသည်။



အဆိုပါ မဲဆန္ဒရှင်စာရင်းများ ကြေညာထားခြင်းကို နိုဝင်ဘာ ၂၁ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ကြေညာထားမည်ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် လျှောက်ထားခြင်း၊ အချက်အလက်များ မှားယွင်းမှုရှိပါက ပုံစံ(၄-က)ဖြင့် ပြင်ဆင်ရမည်ဖြစ်ကြောင်း သိရသည်။

ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရုံးတွင် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုကို တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



## ရွှေတောင်မြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

ရွှေတောင် နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် စည်ပင်သာယာမြို့မဈေးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအား မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါသင်တန်းကို ရွှေတောင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်၏ ကြီးကြပ်မှုဖြင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးရာဇာလင်း ဦးဆောင်သော မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမျိုးဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ထွေ/အုပ်ဝန်ထမ်းများသည် ရွှေတောင်မြို့နယ်စည်ပင်သာယာမြို့မဈေးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများအား ကွင်းဆင်း၍ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

## ညောင်တုန်းမြို့နယ်၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ လုပ်ငန်းလမ်းညွှန်သင်တန်း ဖွင့်လှစ်

ညောင်တုန်း နိုဝင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း လှိုင်ပညာအားကစားခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသိန်းဝင်းက အဖွင့်အမှာစကားပြောကြား၍ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးပြည့်ဖြိုးမိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါ သင်တန်းတွင် မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြုခြင်း၊ မဲရုံမှူး/ဒုတိယမဲရုံမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ထိန်းချုပ်စက်ကိုင်တွယ်သူ/မဲရုံလုံခြုံရေး/မင်တို့သူများ၏ လုပ်ငန်းတာဝန်များ၊ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေပါပုံစံများ၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ မဲရုံနေရာချထားခြင်း စသည့်အကြောင်းအရာများကို နိုဝင်ဘာ ၂၃ ရက်မှ ၂၇ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ဒုတိယအကြိမ်မဲစာရင်းများ ကြေညာထားသည့်နေရာများကို နိုဝင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများက လိုက်လံကွင်းဆင်းစစ်ဆေးခဲ့ကြစဉ်။ ကျိုက်ထို(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများအား နိုဝင်ဘာ ၂၁ ရက်မှ စတင်၍ ဒီဇင်ဘာ ၄ ရက်အထိ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့ခွဲများတွင် ဒုတိယအကြိမ်ကပ်ထားကြေညာရာ ပြည်သူများလာရောက်ကြည့်ရှုစဉ်။

နေလင်း(ညောင်လေးပင်)

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ရောဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်-ရွှေပြာ-ချောင်းသာလမ်းပိုင်း ကတ္တရာလမ်းချဲ့အဆင့်မြှင့်တင်ခြင်းစီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



ပုသိမ် နိုဝင်ဘာ ၂၃

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ပုသိမ်-ရွှေပြာ-ချောင်းသာလမ်းပိုင်း ကတ္တရာလမ်းချဲ့ အဆင့်မြှင့်တင်ခြင်း စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်-ရွှေပြာ-ချောင်းသာလမ်းပိုင်း မိုင်တိုင် (၁၈/၃)တွင် ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား လမ်းလုပ်သားများနှင့် စက်ယန္တရားအသုံးပြု၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်-ရွှေပြာ-ချောင်းသာလမ်းပိုင်း မိုင်တိုင်(၃၀/၀)တွင် ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား လမ်းလုပ်သားများနှင့် စက်ယန္တရားအသုံးပြု၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း၊ မိုင်တိုင် (၂၄/၆)တွင် ၂၄ ပေအကျယ် ကတ္တရာလမ်းချဲ့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား လမ်းလုပ်သားများနှင့် စက်ယန္တရားအသုံးပြု၍ မြေပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများဆောင်ရွက်ရာတွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေး၊ အရည်အသွေးပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးစေရေး အလေးထားဆောင်ရွက်ရန်၊ လမ်းပခုံးများ သတ်မှတ်ချက်များနှင့်အညီဖြစ်ရေးနှင့် စနစ်တကျရှိစေရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပေါင်းတည်မြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

ပေါင်းတည် နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် ပြည်တွင်းအခွန်များဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာအကြောင်းအရာများကို အခွန်ထမ်းပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် ရည်ရွယ်၍ နိုဝင်ဘာ ၂၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးမင်းသူက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်မြင့်မြင့်ချိုက ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံဆောင်ရွက်နေသော အခွန်များအကြောင်းနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုင်းတုံမြို့၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ



ကျိုင်းတုံ နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသည့် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေး၊ မီးခိုးမြူငွေ့လျှော့ချရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက်က ကျိုင်းတုံမြို့ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ကျိုင်းတုံမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးနိုင်ဦး၊ တောအုပ်ကြီး ဦးကျော်သက်အောင်၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုင်းဝေယံထွန်းတို့က သစ်တောပြုစုထိန်းသိမ်းခြင်းဆိုင်ရာ၊ သစ်ပင်စိုက်ပျိုး၊ ပြုစု၊ ထိန်းသိမ်းခြင်းဆိုင်ရာ အကြောင်းအရာများ၊ ဒေသအတွင်း Fire Hotspots ဖြစ်ပေါ်မှုလျှော့ချရေး၊ နယ်စပ်ဒေသဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်း ထိန်းချုပ်ရေးနှင့် တောမီး ထိန်းချုပ်ရေးဆိုင်ရာ နည်းလမ်းများ၊ တောမီးလောင်ကျွမ်းမှုလျှော့ချရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ဖျာပုံမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းဆွေးနွေး



ဖျာပုံ နိုဝင်ဘာ ၂၃

ရောဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ဖျာပုံမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းဥက္ကဋ္ဌ ဦးမြင့်စိုးက အမှာစကားပြောကြားပြီး ဖျာပုံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထူးအောင်က သမဝါယမလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးရှင်းတမ်းများကို ဒါရိုက်တာအဖွဲ့ဝင်များက ဖတ်ကြားရှင်းလင်းပြီး ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းသားများထံမှ လက်ခံအတည်ပြုချက် ရယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ဟင်္သာတမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် ဆီထွက်သီးနှံဆောင်းနေကြာ စိုက်ပျိုးပွဲကျင်းပ

ဟင်္သာတ နိုဝင်ဘာ ၂၃

ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ဓမ္မိကျေးရွာ တောင်သူ ဦးကျော်ကျော်ဆွေ၏ လယ်မြေ ၁ ဒသမ ၅၀ ဧက၌ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက ၂၀၂၅-၂၀၂၆ ခုနှစ် ဆီထွက်သီးနှံ ဆောင်းနေကြာ စိုက်ပျိုးပွဲကို ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့် အခမ်းအနားတက်ရောက်လာသည့် တောင်သူများက တောင်သူ ဦးကျော်ကျော်ဆွေ၏ လယ်မြေ ၁ ဒသမ ၅၀ ဧက၌ ရေဆင်းစပ်မျိုး(၁) ဆီထွက်သီးနှံဆောင်းနေကြာအား အစေ့ချစိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်၌ မဲရုံများ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသဆောင်ရွက်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးနိုင်လင်းဖြိုးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက မဲရုံဆောင်ရွက်မည့် အထက(ဝန်းသို)နှင့် ဦးအောင်မြတ်ခန်းမ၌ ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

ပုသိမ်မြို့ပေါ်ရှိ မြို့မဈေးနှင့် ရွှေပြည်သာဈေးတို့အား တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်ဆွေဝင်း ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်သူရ၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လျှပ်စစ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ဈေးကော်မတီဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ နိုဝင်ဘာ ၂၃ ရက်က ဈေးမီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးစဉ်။ မေချို





သရက်ခရိုင် မီးသတ်ဦးစီးဌာနမှူး၏ အနီးကပ်လမ်းညွှန်မှုဖြင့် ကံမမြို့နယ်အတွင်း မဲရုံများ မီးဘေးလုံခြုံရေးအတွက် ကံမမြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဝေယံဖြိုးနှင့် တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၂၂ ရက်က မဲရုံများ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်စဉ်။

ကောင်းစစ်နိုင်

# ကဖွားဒီရေတော ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၂၄၀၃ ဧကရှိသော နယ်မြေကို "ကဖွားဒီရေတော ကြိုးပြင်ကာကွယ်တော" အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၂၅) အရ ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၂ ရက် (၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဒီရေတောပင်များသည် ကပ္ပလီပင်လယ်ပြင်မှ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို တံတိုင်းသဖွယ် တားဆီးကာကွယ်ပေးနိုင်ရန်နှင့် ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ပုစွန် စသည့်ရေသယံဇာတများ အစဉ်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန်နှင့် အခြေခံလိုအပ်ချက်ဖြစ်သော သစ်၊ ထင်း၊ တိုင်၊ မျော စသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ထိန်းသိမ်းနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင် လေထုမှ ကာဗွန်များစွာ သိုလှောင်ထိန်းညှိပေးနိုင်ရန်၊ လူသားတို့၏ စနစ်မကျသော မြေအသုံးချမှုများအား သစ်တောဥပဒေနှင့်အညီ ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရန်၊ နိုင်ငံတော်၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် သစ်တောဖုံးလွှမ်းမှုဧရိယာ တိုးပွားလာစေရန် ရည်ရွယ်၍ ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်သည်။

ကဖွားဒီရေတော ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော ဖြူးခြေထောက်၊ ဖြူးအုပ်ဆောင်း၊ ငှက်(ခ)နံ့ဖြူး၊ ကနစို၊ လန်းဘဲ၊ ကျန၊ ပင်လယ်အုန်း၊ ကဗျိုင်၊ ဘူးဇရပ်၊ လမု၊ သမဲ့၊ မဓမပင်၊ ခရာ၊ ဇလိပ်နွယ်နှင့် တမော်စသည့် ဒီရေတောပင်များ ပေါက်ရောက်မှုကို ရေရှည်တည်တံ့စေရန် ကာကွယ်နိုင်ခြင်း၊ ရေငန်ငါးအမျိုးမျိုး၊ ခရုမျိုးစုံ၊ ကဏန်းမျိုးစုံ၊ ပုစွန်မျိုးစုံ၊ ဖျိုင်း၊ ဖျိုင်းအောက်၊ ကြက်တူရွေး၊ သိမ်းငှက်၊ ပန်းဇင်ငှက်၊ ငှက်စလုံ (တင်ကျီးငှက်) နှင့် ငှက်တုံးငှက်မျိုးများ ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်ခြင်း၊ ဒေသခံများအတွက် ဆူနာမီမုန်တိုင်း အစရှိသော သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း၊ ကမ်းရိုးတန်းဒေသ ဖွံ့ဖြိုးရေးကို အထောက်အကူပြုစေခြင်း၊ သား၊ ငါး၊ ပုစွန်များ ခိုအောင်းပေါက်ပွားရှင်သန်နိုင်သဖြင့် ဂေဟစနစ်ပိုမိုကောင်းမွန်လာနိုင်ပြီး ဒေသခံများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေတိုးပွားလာစေခြင်း၊ ဒေသခံများအတွက် အခြေခံလိုအပ်သည့် သစ်၊ တိုင်၊ မျော၊ ထင်းလောင်စာများအတွက်လည်း အထောက်အကူပြုစေနိုင်ခြင်းတို့ကြောင့် ကဖွားဒီရေတော ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ကြေညာခြင်းဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**

■



## မဟာအောင်မြေမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

မန္တလေး နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်အတွင်းရှိ စိန်ပန်းရပ်ကွက်သို့ သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မဟာအောင်မြေမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် အသက် ၁၈ နှစ်ပြည့်ပြီးသူများအား ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် နိုဝင်ဘာ ၂၁ ရက်က နိုင်ငံသားစိစစ်ရေးကတ်ပြားပျောက်ဆုံး/ ပျက်စီးသူ ၃၁၅ ဦးအား ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလွင်၊ ခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်တို့က လာရောက်ကြည့်ရှုပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သံဖြူဇရပ်မြို့နယ်အတွင်း သမဝါယမအသင်းများ၏ မိုးစပါးရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

မော်လမြိုင် နိုဝင်ဘာ ၂၃

မွန်ပြည်နယ် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက သံဖြူဇရပ်မြို့နယ် ပင ကျေးရွာ ပငစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ဦးအောင်သိန်း၏ လယ်မြေ ၅ ဒသမ ၈၅ ဧကတွင် ဂျပန်ဝါထွန်းစပါးများ ရိတ်သိမ်းမှုကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပငစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတွင် အသင်းသားတောင်သူ ၃၇ ဦးရှိရာ မိုးစပါး ၃၄၂ ဧကစိုက်ပျိုးထားရှိ၍ အသင်းသားတောင်သူများအနေဖြင့် စပါးစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် လွယ်ကူချောမွေ့စေရန် ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး၊ အထွက်တိုးမျိုးကောင်းမျိုးသန့်များ တစ်ဆက်တည်းစိုက်ပျိုးနိုင်ရေး၊ တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိရေးတို့အတွက် ညွှန်ကြားရေးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

ရှာငံ နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီက အထက(ရွာငံ) ပြဒါးလင်းခန်းမ၌ ကျင်းပသည်။



အသိပညာပေးဟောပြောပွဲတွင် ရွာငံမြို့နယ် သစ်တောဦးစီးဌာနမှူးရုံးမှ တောအုပ်ကြီး ဦးဘုန်းလွင်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများ၊ ပန်းလောင်နှင့် ပြဒါးလင်းဂူဘေးမဲ့တော အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်စိုးက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယမြို့နယ်မန်နေဂျာ ဦးနိုင်ဝင်းက စွန့်ပစ်ပစ္စည်းများကို သဘာဝမြေဩဇာပြုလုပ်ပုံ နည်းစနစ်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်ဦးစီးမှူး ဦးထွန်းမြတ်နိုင်က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ခြင်းဆိုင်ရာများကို အသိပညာပေး ဟောပြောကြရာ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ သက်ဆိုင်ရာဌာနများမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာ ဆရာ ဆရာမများအတွက် သာတူညီမျှမှုကိုအခြေခံသော ဆရာအတတ်ပညာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းဘောင်ဆိုင်ရာ အရည်အသွေးမြှင့် (ပြည်နယ်အဆင့်) ဆင့်ပွားဆွေးနွေးပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ဘားအံမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)

ရောဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမင်းသူ ဦးဆောင်သော သန္နေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးစစ်ဆေးဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက မဲဇလီကျေးရွာရှိ UTT & Sons စက်သုံးဆီအရောင်းဆိုင်အား ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ ရောဦးသာ





မွန်ပြည်နယ် သထုံခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ မြို့နယ်အဆင့် မဲပေးစက်ဆိုင်ရာ နည်းပညာအထောက်အကူပြု သင်တန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၉ ရက် နံနက်ပိုင်းက လိပ်အင်းရပ်ကွက်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း ဘက်စုံသုံးခန်းမ၌ ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)

# လားရှိုးမြို့ရှိ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် ပရိဝုဏ်အတွင်း၌ တည်ထားကိုးကွယ်တော်မူသော မဟာဗောဓိစေတီတော် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား ပြုလုပ်



နေပြည်တော် နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် ပရိဝုဏ်အတွင်း၌ တည်ထားကိုးကွယ်တော်မူသော မဟာဗောဓိစေတီတော် ရတနာစိန်ဖူးတော်၊ ရွှေထီးတော်တင်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ပြုလုပ်ရာ နိုင်ငံတော် သံဃနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဇမ္ဗူအေး အေတီတပ်ဦးကျောင်း ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တမ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဇမ္ဗူအေး အေတီတပ်ဦးကျောင်း ဦးစီးပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များထံ အမွှေးနံ့သာရည်၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ချည်များ၊ ရတနာစိန်ဖူးတော်နှင့် ရွှေထီးတော်ဘုံအဆင့်၊ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး ဥပါသကာများက ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ချည်များယူဆောင်၍ မဟာဗောဓိစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ပက်ဖျန်းပူဇော်ကြကာ ဇမ္ဗူအေး အေတီတပ်ဦးကျောင်း ဦးစီးပဓာနနာယကဆရာတော်ထံမှ ရေစက်သွန်းတရားတော်နှင့် အနုမောဒနာတရားတော်များ နာယူကြည်ညိုကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ရတနာစိန်ဖူးတော်နှင့် ရွှေထီးတော်ဘုံအဆင့်တို့ကို ပင့်ဆောင်၍ မဟာဗောဓိစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး စေတီတော်မြတ်ကြီးအထွတ်သို့ တင်လှူပူဇော်ကြကာ ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးကြသည်။ ယင်းနောက် သံဃာတော်များ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မဟာဗောဓိပင် စိုက်ပျိုး၍ ဗောဓိညောင်ရေသွန်းလောင်းကြပြီး သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ဆက်ကပ်လှူဒါန်း အမျှအတမ်း ပေးဝေခဲ့ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ အလုပ်သမားရေးရာအသိပညာပေးဆွေးနွေး



ရန်ကုန် နိုဝင်ဘာ ၂၃

အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် အလုပ်ရှင်နှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးက စက်ရုံများအရောက် Mobile Training bus ဖြင့် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းမှ စတင်ကာ စက်ရုံလေးရုံတွင် ကွင်းဆင်းလှည့်လည်ကာ အသိပညာပေး ဆွေးနွေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် အလုပ်ရှင်နှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီးဌာန ဒဂုံမြို့သစ်ခရိုင်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်က ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ၊ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ၊ ၂၀၁၆ ခုနှစ်၊ အခကြေးငွေ ပေးချေရေး ဥပဒေတို့ပါ အလုပ်သမားများ၏ရပိုင်ခွင့်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို East Star Machinery Trading Co.,Ltd ပလတ်စတစ်ပစ္စည်းစက်ရုံ၊ VFC (Myanmar) Co.,Ltd အထည်ချုပ်စက်ရုံ၊ NKM Apparel Co.,Ltd အထည်ချုပ်စက်ရုံ၊ Sep Forest Craft (Myanmar) Co.,Ltd အထည်ချုပ်စက်ရုံတို့တွင် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**နေမျိုးအောင်(ဒဂုံတောင်)**



## စမ်းချောင်းမြို့နယ် သမဝါယမအသင်းစု နှစ်ပတ်လည်အစည်းအဝေးပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို နိုဝင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက် ကျွန်းတောလမ်းရှိ မြို့နယ်သမဝါယမအသင်းစုလီမိတက်ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌ ဦးဝင်းတင်က အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က သမဝါယမအသင်းများ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် အသင်းများ ဆက်လက်ရှင်သန် ဖွံ့ဖြိုးတိုးတက်စေမည့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းစုအမှုဆောင် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြား၍ အတည်ပြုခဲ့ကြသည်။

**သျှင်ဝင်းသျှင်**

## ပန်းတောင်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်နိုင်ရေး အသိပညာပေးဟောပြော



ပန်းတောင်း နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ရပ်ကွက်/ကျေးရွာများရှိ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းများ မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးဆောင်၍ မြို့နယ်မီးသတ်စခန်းတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းက ဥသျှစ်ပင်မြို့ ရတနာပုံရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်းတွင် မီးငြိမ်းသတ်နည်းဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်ခြင်းများဆောင်ရွက်သည်။

ဦးစွာ ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူး ဦးကျော်ကျော်က မီးသတ်ဆေးဘူး အသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်စခန်းတပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးကို အသုံးပြု၍ မီးငြိမ်းသတ်နည်း၊ ဆီမီးလောင်မှုကို ဖုံးအုပ်ငြိမ်းသတ်နည်း၊ ဂက်စ်မီးလောင်မှုကို ငြိမ်းသတ်နည်းများ၊ မီးသတ်ပိုက်အသုံးပြု၍ ရေစိုဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၁၅၀ အား လက်တွေ့လေ့ကျင့်သရုပ်ပြခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**



ပြည်မြို့နယ် မီးသတ်ဦးစီးမှူးဦးဆောင်သော သန္ဓေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူများသည် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက ပြည်မြို့ ရွာဘဲနယ်မြေကိုးသောင်းရပ်ကွက်ရှိ ကိုးသောင်းဈေး မီးဘေးလုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်စဉ်။

ကိုဆက်(ပြန်/ဆက်)

## ပခုက္ကူမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်ပွဲ ကျင်းပ



ပခုက္ကူ နိုဝင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ပေါ် ရပ်ကွက်များအတွင်း အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး အသက် ၁၈ နှစ် ပြည့်ပြီးသူများအား ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တွင် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေး နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကိုယမန်နေ့မွန်းလွဲပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရော(၁)ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များ အကြောင်းကို ရှင်းလင်းပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဝင်းက နိုင်ငံသား စိစစ်ရေးကတ်ပြား၏ အရေးပါပုံ အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်**

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြို့ပေါ်ရပ်ကွက်များအတွင်း မြေပြင်ကွင်းဆင်း အခမဲ့ ဆောင်ရွက်ပေးခဲ့သည့် ပြည်သူ ၂၄၅ ဦးအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဝေဒနာရင့် မိုးတိမ် ခံစားမှုအက်ဆေးများစာအုပ် ထွက်ရှိ





ကြယ်စင်ဖေသင် ရေးသားသည့် ဝေဒနာရင့် မိုးတိမ် ခံစားမှုအက်ဆေးများစာအုပ် ထွက်ရှိလာပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် ခေါင်းစဉ်အက်ဆေး (၁၀)ခုပါဝင်ပြီး အရှုံးတစ်ယောက်၏ ကောင်းကင်၊ ပန်းပွင့်မမြင်ခဲ့ အရှင်သခင်၊ ညတစ်ည၏ သံဝေဂနှလုံးသား၊ ဒီဇင်ဘာကြေကွဲမှုရှင်းတမ်း၊ မွေးနေ့မုန့်ဟင်းခါး၊ ရှူပတ်နေတဲ့တစ္ဆေ၊ ပြန်ချိန်နီးသော နှလုံးသား၏သံဝေဂဂီတ၊ သံသယဆောင်း၊ ဒီဇင်ဘာအလွမ်းဖြိုချိန်၊ ဝေဒနာရင့် မိုးတိမ်တို့ ပါဝင်သည်။

အဆိုပါစာအုပ်ကို လွင်သစ္စာစာပေ အမှတ်(၂၄၁)၊ အောင်တံခွန်လမ်း၊(၂၉) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉- ၄၅၆၈၀၁၃၅၅၊ ၀၉-၇၉၀၁၄၃၅၇၀၊ ၀၉-၄၂၉၂၇၂၄၄၄ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၈၅၀၀ နှုန်းဖြင့် ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။

## ၂၀၂၅ ခုနှစ်အလွန် ငါတို့လိုချင်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် စာအုပ်ထွက်ရှိ




ဆရာစိန်ဝင်းအောင်(မန္တလေး)ရေးသားသည့် ၂၀၂၅ ခုနှစ်အလွန် ငါတို့လိုချင်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် အခန်းကိုးခန်းပါဝင်ပြီး ဒီစာအုပ်ကို ဘာကြောင့်ရေးရသလဲ၊ နိုင်ငံတကာအခြေအနေနှင့် မြန်မာ့နိုင်ငံခြားရေးမူဝါဒ၊ အသွင်သစ်နိုင်ငံတကာဆက်ဆံရေး၊ ယနေ့ကမ္ဘာနှင့်မြန်မာတို့၏ ဖြစ်ပေါ်တိုးတက်မှုအပေါ် ဆန်းစစ်ခြင်း၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဘူးဒရို့စ်ဂါလီ၏ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ချက်၊ ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး၊ မဇ္ဈိမဗဟိုပြု ယန္တရား ဂင်္ဂါမြစ်ရော ဆက်ဆံရေး၊ နိုင်ငံတစ်ခု စနစ်(၂)ခုနှင့် ပြန်လည်ပေါင်းစည်းရမည့်တရုတ်နိုင်ငံတို့ အကြောင်းများပါဝင်သည်။

အဆိုပါစာအုပ်ကို မြရတနာစာပေ အမှတ်(၂၃/၂၄)၊ မေတ္တာလမ်းသွယ်(၁)၊၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉- ၂၆၁၄၇၁၅၉၀၊ ၀၉-၂၆၁၄၇၁၅၉၈ မှ တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၄၀၀၀ နှုန်းဖြင့် ဖြန့်ချိရောင်းချလျက်ရှိကြောင်း သိရသည်။

## Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ သုံးပွဲနိုင်၊ ခြောက်ပွဲသရေကျ

ရန်ကုန် နိုဝင်ဘာ ၂၃



အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG)တို့ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီကာ Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ တွဲဆိုင်းကိုးဆိုင်း ကျင်းပရာ သုံးပွဲနိုင်၊ ခြောက်ပွဲသရေကျခဲ့သည်။

အဆိုပါသုံးချီပြိုင်ပွဲများတွင် မြတ်မင်းသန့် (YMA)က နိုင်းနိုင်း (အိုပါး)ကိုလက်သီးတွဲလုံးများကြောင့် တတိယအချီ၌ နိုင်းနိုင်းအမှတ်စဉ်နှစ်ကြိမ်ရေခံရပြီးမယှဉ်ပြိုင်နိုင်၍ မြတ်မင်းသန့် အလဲထိုးအနိုင်ရရှိသွားသည်။ ရာဇာထွန်း (RAY)နှင့်Star (HOC)တို့ပြိုင်ပွဲတွင် Star၏ လက်သီးကြောင့် ရာဇာထွန်း ဒုတိယအချီတွင် အနားတောင်းခဲ့ရပြီး တတိယအချီတွင် နှစ်ဦးစလုံးအလူးအလဲဖြင့်ပူးတွဲသရေကျခဲ့သည်။

စောအယ်ဟဲစိုး (WARRIORS)က နိုင်ဖြိုးအောင် (RAY)ကို ခြေကန်ချက်၊ လက်သီးများကြောင့် ဒုတိယအချီတွင်နိုင်ဖြိုးအောင်ကိုအလဲထိုးအနိုင်ရရှိသွားသည်။

မိုးကြိုး (ပဲခူးကလပ်)နှင့် နိုင်ဇင်ဦး(ကျားဘုရင်)၊ ထက်ထက် (ရွှေပေါက်ကံ)နှင့် စိုးကြီး (အိုပါး)၊ဆလိုင်းခရာတ် (YMA)နှင့် ငရဲ(SMART-FIGHT)၊အေယားစ်ခန်း (ဇာထက်မိတ္ထီလာ)Star (HOC)နှင့် ငွေဆန်းမင်း (Top -1)၊ဝေယံမင်းသူ (ပဲခူးကလပ်)နှင့် ရဲမိုက်တီး(MK-1)တို့ပြိုင်ပွဲများတွင်သူတင်ကိုယ်တင်ထိုးခဲ့ကြသော်လည်း အလူးအလဲဖြင့် ပူးတွဲသရေဖြစ်ခဲ့သည်။ ဒေါင်းမိုက်သွေး(Top -1)နှင့် လယ်တာမလာ (RAY) တို့ပြိုင်ပွဲတွင် သူတစ်ပြန်ကိုယ်တစ်ပြန်ထိုးခဲ့ကြရာ တတိယအချီတွင် လယ်တာမလာ ဒဏ်ရာအနာတရဖြစ်ကာ ဆရာဝန်၏ ဆုံးဖြတ်ချက်ဖြင့် လယ်တာမလာအရှုံးပေးလိုက်ရသည်။

မျိုးဆက်သစ်လက်ဝှေ့သမားများတွင် ရွက်ပုန်းသီးလက်ဝှေ့ထူးချွန်သူများစွာရှိနေပြီး ထိုမျိုးဆက်သစ်များကို မြေတောင်မြှောက်စင်တင်ပေးမည့်အခွင့်အရေးကို ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က စီစဉ်ပေးလိုက်ခြင်းဖြစ်သည်။

ဗလ



## ပြင်ဦးလွင်မြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ပြင်ဦးလွင် နိုဝင်ဘာ ၂၃

ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်နှင့်အဖွဲ့က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်း ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာပြည်သူများအား ယနေ့ နံနက်ပိုင်းမှစတင်ပြီး မြို့လယ်ရွှေစည်းခုံကျောင်းတိုက်၊ ဆေကိန္ဒာရာမရွှေကျောင်းတိုက်နှင့် သီရိမင်္ဂလာကျောင်းတိုက်တို့ရှိ ဓမ္မာရုံတို့တွင် ဆန်၊ ဆီ၊ ကြက်ဥနှင့် ငါးသေတ္တာတို့ကို ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်လှူဒါန်းပွဲတွင် ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က ထောက်ပံ့ပေးအပ်လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ယာယီနေရပ်စွန့်ခွာပြည်သူများ၏ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းသို့ ပေးအပ်လှူဒါန်းရာတွင် အိမ်ထောင်စုတစ်စုလျှင် ဆန်ခြောက်ပြည်အိတ် တစ်အိတ်၊ ဆီ ၆၀ သား တစ်ဘူး၊ ကြက်ဥ ၁၀ လုံး၊ ငါးသေတ္တာတစ်ဘူးတို့ဖြင့် အိမ်ထောင်စု ၇၈၀ တို့အား ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်နှင့် ဗန်းမော်ခရိုင် စားအုန်းဆီကိုယ်စားလှယ်အလှူရှင် ဦးမြဝင်းထွန်းတို့က ပြည်သူများအား လက်ရောက်ပေးအပ်ခဲ့ပြီး ဗန်းမော်ခရိုင်မှ ယာယီနေရပ်စွန့်ခွာ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား နဂကမ္ဘ အလှူငွေ ၁၆ သိန်းနှင့် ဆေးပဒေသာပင်အတွက် ၁၀ သိန်းကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သာစည်မြို့နယ်၌ ရာသီဥတုနှင့်လိုက်လျောညီထွေသော စိုက်ပျိုးရေးသင်တန်းဖွင့်လှစ်

သာစည် နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်(WFP) ထောက်ပံ့မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ကျေးလက်လူထုစွမ်းဆောင်ရည်မြှင့်တင်ရေးအသင်း(RPEA)တို့ ပူးပေါင်း၍ ရာသီဥတုနှင့်လိုက်လျောညီထွေသော စိုက်ပျိုးရေးသင်တန်းကို ယမန်နေ့က လှိုင်းတက်ကျေးရွာအုပ်စု ကျောက်းပြားတောင်ကျေးရွာ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးမျိုးသက်ကျော်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဌေးဌေးနှင့်ဝန်ထမ်းများက အထွက်တိုးစိုက်ပျိုးရေးနည်းစနစ်များ၊မြေဆွေးပုံပြုလုပ်ခြင်းများ စသည်ဖြင့် ရာသီဥတုနှင့်လိုက်လျောညီထွေသော စိုက်ပျိုးရေးနည်းပညာများကို စာတွေ့၊လက်တွေ့ပို့ချသည်။ သာစည်မြို့နယ်အတွင်းရှိကျေးရွာ ၁၁ ရွာတွင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်ထောက်ပံ့မှုဖြင့် ကျေးလက်လူထုစွမ်းဆောင်ရည်မြှင့်တင်ရေးအသင်းက Emergency Quick Response Project ဖြင့် လယ်ကြားမြောင်းတူးဖော်ခြင်း၊ ကုန်ထုတ်လမ်းပြုပြင်ခြင်း၊ ကျေးရွာသုံးရေကန်ပြုပြင်ခြင်း၊ ဘက်စုံသုံးခန်းမ ဆောက်လုပ်ပေးခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ထိခိုက်မှုလျော့ချရေးသင်တန်း၊ရိတ်သိမ်းချိန်လွန် သင်တန်းများဖွင့်လှစ်ပေးခြင်း၊ ဝင်ငွေရသီးနှံများအတွက် စိုက်ပျိုးစရိတ်များ ထုတ်ပေးခြင်းနှင့် စံပြကွက်များအား ထောက်ပံ့ပေးခြင်း စသည်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာနေပြည်သူများနှင့် သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❋ MNLမှ

ယခုပွဲမှာ ရှမ်းယူနိုက်တက်အသင်း၏ နိုင်ငံတကာပြိုင်ပွဲကြောင့် ရွှေ့ဆိုင်းထားခြင်းဖြစ်ပြီး ပြန်ကန်ပွဲတွင် အနိုင်ရခဲ့သဖြင့် ဇယားထိပ်ဆုံးနေရာ ပြန်လည်ရယူနိုင်ရန် နီးစပ်လာခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နိုဝင်ဘာ ၂၇ ရက်တွင် ရွှေ့ဆိုင်းပွဲစဉ် နောက်တစ်ပွဲဖြစ်သော ရာမညယူနိုက်တက်အသင်းနှင့် ပြန်ကစားရမည်ဖြစ်ပြီး ယင်းပွဲအနိုင်ရပါက ထိပ်ဆုံးနေရာ ရယူနိုင်မည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်း ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမား ငါးဦးအထိ ပါဝင်ပြီး ပြည်တွင်းအမာခံကစားသမားအများစုဖြင့် ယှဉ်ပြိုင်ခဲ့သလို မဟာယူနိုက်တက်အသင်းကလည်း လူစုံအသုံးပြုခဲ့သည်။ ပွဲအစ ငါးမိနစ်တွင် စအောင်ပြည့်ကိုက ခေါင်းတိုက်ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးသွင်းယူသော်လည်း ကိုးမိနစ်တွင် ရှမ်းယူနိုက်တက်ဂိုးသမား ပြည့်ဖြိုးသူအမှားမှတစ်ဆင့် ပက်ထရစ်က မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာအပြန်အလှန်ရှိသော်လည်း ၂၂ မိနစ်တွင် ဆိုဇာက ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးထပ်သွင်းခဲ့သည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပွဲကိုထိန်းချုပ်ကစားသွားပြီး စအောင်ပြည့်ကိုက ၅၉၊ ၈၁ မိနစ်တွင် နှစ်ဂိုးထပ်သွင်းပြီး ဟက်ထရစ်ရခဲ့ကာ နောက်ဆုံးပွဲသိမ်းအနိုင်ဂိုးကို မိနစ် ၉၀ တွင် သက်ဝေမိုးက သွင်းယူခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ခုနစ်ပွဲကစား ၁၉ မှတ်ရထားပြီး မဟာယူနိုက်တက်အသင်းက ရှစ်ပွဲကစား ရှစ်မှတ် ရရှိထားသည်။

သတင်း-ရှိုင်းထက်ဖော်
ဓာတ်ပုံ-MNL

## ယူကရိန်းပဋိပက္ခအဆုံးသတ်ရန် အမေရိကန်နှင့် ရုရှားတို့က ငြိမ်းချမ်းရေးအစီအစဉ်သစ် ရေးဆွဲ

**ဝါရှင်တန် နိုဝင်ဘာ ၂၃**



ယူကရိန်းပဋိပက္ခ အဆုံးသတ်ရန် အမေရိကန်နှင့် ရုရှားတို့ ရေးဆွဲခဲ့သည့် ငြိမ်းချမ်းရေး အစီအစဉ်သစ်ကို လာမည့် ရက်သတ္တပတ်အတွင်း လက်ခံသဘောတူညီရန် ယူကရိန်းအား သမ္မတ ဒေါ်နယ်ထရမ့်က တိုက်တွန်းထားကြောင်း သိရသည်။

အဆိုပါ ငြိမ်းချမ်းရေးအစီအစဉ်တွင် အမေရိကန်နှင့် ရုရှားနှစ်နိုင်ငံ တာဝန်ရှိသူများက အဆိုပြုချက် ၂၈ ချက်ကို ထည့်သွင်းရေးဆွဲခဲ့ကြောင်း သတင်းရင်းမြစ်များကို ကိုးကား၍ ဗြိတိန်သတင်းစာ Financial Times က ယမန်နေ့တွင် သတင်းဖော်ပြခဲ့သည်။

**ဦးဆောင်ကြိုးပမ်း**

အမေရိကန် အထူးသံတမန် စတိဗ်ဝစ်ကော့ဖ်နှင့် ရုရှားသမ္မတ၏အထူးကိုယ်စားလှယ် ကီရေးလ်ဒီမီထရေးဗ်တို့က ငြိမ်းချမ်းရေး အစီအစဉ်သစ် ထွက်ပေါ်လာရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့သည်။

ငြိမ်းချမ်းရေး အစီအစဉ်တွင် ယူကရိန်းအရှေ့ပိုင်း ဒိုနက်စ်ခ်နှင့် လူဟန့်စ်ခ်ဒေသများကို စွန့်လွှတ်ပြီး ၎င်း၏ အင်အားကို ထက်ဝက်လျှော့ချရန် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် အဓိက အသုံးပြုလျက်ရှိသည့်အားကောင်းသော လက်နက်အမျိုးအစားများကို စွန့်လွှတ်ရန်နှင့် အမေရိကန်၏ စစ်ရေးအကူအညီများ ပြန်လည်ပေးအပ်ရန် တောင်းဆိုထားကြောင်း သိရသည်။ နိုင်ငံခြားတပ်များကို တပ်စွဲထားခွင့် မပြုရန်နှင့် အနောက်နိုင်ငံများ၏ တာဝေးပစ်လက်နက်များကိုလည်း လက်ခံခြင်းမပြုရန်လည်း တောင်းဆိုထားသည်။

ယူကရိန်း၌ရုရှားဘာသာစကားကို တရားဝင် နိုင်ငံတော်ဘာသာစကားအဖြစ် အသိအမှတ်ပြုပြဋ္ဌာန်းရန် တောင်းဆိုထားသည်။

သဘောတူညီချက်တစ်ရပ် ရရှိပါက လက်ရှိထိန်းချုပ်ထားသည့် ခါဆွန်နှင့် ဇာပိုရေးဇီးယားဒေသများကို ရုရှားက ပြန်လည်ပေးအပ်နိုင်ဖွယ်ရှိကြောင်း အမေရိကန်သတင်းဝက်ဘ်ဆိုက် Axios က သတင်းဖော်ပြသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ဖိလစ်ပိုင်နှင့် ဥရောပသမဂ္ဂ ဉာဏ်ရည်တုနည်းပညာနှင့် ဆိုက်ဘာလုံခြုံရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မည်

**မနီလာ နိုဝင်ဘာ ၂၃**

ဖိလစ်ပိုင်နှင့် ဥရောပသမဂ္ဂတို့ကြား ဉာဏ်ရည်တုနည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

နိုင်ငံ၏ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု မြှင့်တင်ရေးအပါအဝင် ဆိုက်ဘာကွန်ရက်မြှင့်တင်ရေး၊ ကမ္ဘာမြေစူးစမ်းလေ့လာရေးဆိုင်ရာ ဉာဏ်ရည်တုနည်းပညာ၊ ဆိုက်ဘာလုံခြုံရေးစသည့် ကိစ္စရပ်များ ဆောင်ရွက်ရေးအတွက် တန်ကြေး ယူရို ၂၂ ဒသမ ၆ သန်းရှိသည့် ၎င်းပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဥရောပသမဂ္ဂ၏ ဒစ်ဂျစ်တယ်၊ စွမ်းအင်၊ သယ်ယူပို့ဆောင်ရေး ကွန်ရက်များကို မြှင့်တင်ရေးနှင့် မိတ်ဖက်နိုင်ငံများ၏ ကျန်းမာရေး၊ ပညာရေးနှင့် သုတေသနလုပ်ငန်းများကို ကူညီပေးရေးအတွက် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။ ဖိလစ်ပိုင်နှင့် ဥရောပသမဂ္ဂတို့ကြား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များ အောင်မြင်ရေးအတွက် ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်သည်။ ယခုဆောင်ရွက်ချက်သည် သဘာဝဘေးခံစားနေရသည့် ဖိလစ်ပိုင်နိုင်ငံအတွက် အကျိုးရှိသည့် ဆောင်ရွက်ချက်ဖြစ်ကာ အနာဂတ်တွင်ဖြစ်လာမည့် သဘာဝဘေးများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖိလစ်ပိုင်ဘဏ္ဍာရေးဝန်ကြီး ဖရက်ဒရက်ဂိုက ပြောသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## စက်မှုထိပ်သီးနိုင်ငံ ၂၀ ထိပ်သီးအစည်းအဝေး တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်ဂ်မြို့၌ ကျင်းပ

**ဂျိုဟန်နက်စ်ဘတ်ဂ် နိုဝင်ဘာ ၂၃**

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နက်စ်ဘတ်ဂ်မြို့၌ စက်မှုထိပ်သီးနိုင်ငံ ၂၀ ၏ ထိပ်သီးအစည်းအဝေးကို ယမန်နေ့တွင် စတင်ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ခေါင်းဆောင်များက ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံတကာ အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ ဂျပန်ဝန်ကြီးချုပ် တာကိုင်ချီဆာနေးနှင့် တရုတ်နိုင်ငံဝန်ကြီးချုပ် လီချန်းတို့ တက်ရောက်ခဲ့သည်။

စက်မှုထိပ်သီးနိုင်ငံ ၂၀ က ကမ္ဘာလုံးဆိုင်ရာ ကုန်ထုတ်လုပ်မှုတန်ဖိုး၏ ၈၀ ရာခိုင်နှုန်းကျော်ရရှိရန် ခန့်မှန်းထားသည်။


နှစ်ရက်ကြာ ထိပ်သီးစည်းဝေးပွဲသည် လွတ်လပ်ပြီး ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသကို အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံစုံလွတ်လပ်သော ကုန်သွယ်မှုစနစ်ကို တည်ဆောက်ရန် ဂျပန်နိုင်ငံ၏ ကတိကဝတ်ကို ဝန်ကြီးချုပ် တာကိုင်ချီဆာနေးက အလေးပေးပြောကြားမည်ဖြစ်ကြောင်း သိရသည်။

Global South ဟု လူသိများသော ထွန်းသစ်စဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ပိုမိုခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုကို ကြိုးပမ်းရန် ဂျပန်ဝန်ကြီးချုပ် တာကိုင်ချီဆာနေးက ပြောကြားမည်ဖြစ်ကြောင်း သိရသည်။

ထိပ်သီးအစည်းအဝေး သဘာပတိဖြစ်သော တောင်အာဖရိကသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ဆောင်ရွက်မှုများ အားကောင်းစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုများ သေချာစေရန်အတွက် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့ တက်ရောက်ခြင်းမရှိခဲ့ပေ။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**






## တောင်ကိုရီးယားနိုင်ငံရှိ ကတ်ထူပုံးထုတ်လုပ်ရေးစက်ရုံ၌ မီးလောင်မှုဖြစ်ပွား

**ဆိုးလ် နိုဝင်ဘာ ၂၃**

တောင်ကိုရီးယားနိုင်ငံ ဂေယောင်ဂီပြည်နယ်ရှိ ကတ်ထူပုံးထုတ်လုပ်ရေးစက်ရုံတွင် နိုဝင်ဘာ ၂၃ ရက်က မီးလောင်မှုဖြစ်ရာ လုပ်သားတစ်ဦး သေဆုံးကြောင်း သိရသည်။

မီးလောင်မှုဖြစ်ရာနေရာမှ မီးတောက်များ ပတ်ဝန်းကျင်သို့ ကူးစက်နိုင်ကြောင်း တာဝန်ရှိသူများက သတ်မှတ်ခဲ့ပြီး မီးသတ်ယာဉ်များနှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၁၀ ကို မီးငြိမ်းသတ်ရေးဆောင်ရွက်ရန် စေလွှတ်ခဲ့သည်။

လုပ်သားတစ်ဦး မီးလောင်ရာနေရာတွင် ပိတ်မိနေကြောင်း သိရှိရပြီး ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ စက်ရုံဒုတိယထပ်တွင် သေဆုံးလျက် ပြန်လည်တွေ့ရှိခဲ့သည်။

၎င်းသေဆုံးခဲ့သည့်လုပ်သားသည် စားသောက်ခန်းတွင် အခြားလုပ်သားများနှင့်အတူ စားသောက်နေရာမှ မီးလောင်ချိန်တွင် ထွက်ပြေးခြင်းမပြုနိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## နိုင်ငံတကာ ကျောင်းသားများအား ဘဏ်အကောင့်များနှင့် ကိုယ်ရေးအချက်အလက်များ ရောင်းချခြင်းမပြုရေး ဩစတြေးလျရဲတပ်ဖွဲ့ သတိပေး

**ကင်ဘာရာ နိုဝင်ဘာ ၂၃**

ဩစတြေးလျနိုင်ငံတွင် ပညာသင်ကြားနေသည့် နိုင်ငံတကာ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ဘဏ်အကောင့်များနှင့် ကိုယ်ရေးအချက်အလက်များကို ရာဇဝတ်ဂိုဏ်းများသို့ ရောင်းချခြင်းမပြုရန် တာဝန်ရှိသူများက သတိပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတကာမှ ကျောင်းသားများအား ငွေကြေးမက်လုံးပေး၍ ဘဏ်အကောင့်များနှင့် ကိုယ်ရေးအချက်အလက်များကို ရာဇဝတ်ဂိုဏ်းများက ဝယ်ယူနေကြောင်း ဩစတြေးလျရဲတပ်ဖွဲ့ ဆိုက်ဘာမှုခင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးစင်တာက ပြောကြားသည်။ နိုင်ငံအတွင်းမှ ထွက်ခွာမည့် ကျောင်းသားတစ်ဦး၏ ဘဏ်အကောင့်တစ်ခုအတွက် ဩစတြေးလျဒေါ်လာ ၅၀၀ အထိ ပေးအပ်၍ ရာဇဝတ်ဂိုဏ်းများက ဝယ်ယူနေပြီး ၎င်းဘဏ်အကောင့်များအား ငွေကြေးခဝါချမှုနှင့် လိမ်လည်မှုကျူးလွန်ရာတွင် အသုံးပြုကြောင်း သိရသည်။

အကယ်၍ ကျောင်းသားတစ်ဦးအနေဖြင့် ၎င်း၏ ဘဏ်အကောင့်အားရောင်းချခဲ့ပါက ပြည်ဝင်ခွင့်ဗီဇာရုပ်သိမ်းခြင်းပြစ်ဒဏ်ကို ခံရမည်ဖြစ်ကြောင်း သိရသည်။


**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငပုတောမြို့နယ် ချောင်းဝကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ငပုတောမြို့နယ် ချောင်းဝကျေးရွာ ကျောင်းသစ်ကျောင်းဘုန်းကြီးကျောင်း၌ အခြေပြု၍ ချောင်းဝကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၅၀၁ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၃၅ ဦး၊ ခွဲစိတ်ရောဂါ ၄၅ ဦး၊ သားဖွား မီးယပ်ရောဂါ ၁၇ ဦး၊ ကလေး ရောဂါ ၂၈ ဦး၊ အရိုးရောဂါ ၆၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၉ ဦး၊ မျက်စိရောဂါ ၁၀၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၈၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၃ ဦး၊ ဓာတ်မှန်ရိုက်လူနာ သုံးဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၇၅ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၅ ဦး နှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက် ပေးသည်။



ထို့အပြင် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများက ငပုတောမြို့နယ် ကန့်မလာကျေးရွာနေ ဦးကျော်ဇင်ဝင်း၏ ဇနီး ဒေါ်ဥမ္မာမြင့်၏ ကိုယ်ဝန်ကို ညနေ ၄ နာရီ ၈ မိနစ်တွင် ၇ ပေါင် ၈ အောင်စရှိ သမီးဦးရတနာကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပြီး မိခင်နှင့်ကလေးမှာ ကျန်းမာရေး ကောင်းမွန်လျက်ရှိသည်။

၎င်းကလေးငယ်အတွက် တာဝန်ရှိသူများက ချီးမြှင့်ငွေနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ အဆိုပါ ကလေးငယ်သည် ယခုခရီးစဉ်အတွင်း စတုတ္ထ အကြိမ် မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများ ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိရာ (၁၈) ကြိမ်မြောက် အထိ ကိုယ်ဝန်ဆောင်မိခင် ၂၂ ဦး တို့အား အောင်မြင်စွာ မွေးဖွားပေး နိုင်ခဲ့ပြီး ယခု (၁၉) ကြိမ်မြောက် တွင် ၂၃ ဦးမြောက်၊ ၂၄ ဦးမြောက်၊ ၂၅ ဦးမြောက်နှင့် ၂၆ ဦးမြောက် ကိုယ်ဝန်ဆောင် မိခင်ကို အောင်မြင်စွာ မွေးဖွားပေးခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် ဆေးဝါးလာရောက် ကုသမှုခံယူကြသည့် ဒေသခံ ပြည်သူများအား တာဝန်ရှိသူများ က လိုက်လံကြည့်ရှုအားပေးပြီး









လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေ မှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

သားဦးဆိုတော့ ပိုပြီးဝမ်းသာ ပါတယ်။ ရွာက အမျိုးတွေ ကိုလည်း ပြန်ပြောပြမှာပါ။ ဘယ်လောက် ဝမ်းသာတယ်၊ ကျွန်တော့်ရင်ထဲ ဘယ်လိုခံစားရ တယ်ဆိုတဲ့ ဟာတွေကိုပါ။ သံလွင် သင်္ဘောကြီးမှာရှိတဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ၊ ဆရာမတွေအားလုံးကို ဒီကို လာမွေးပေးတဲ့အတွက် ကျေးဇူး တင်ပါတယ်။ ကျန်းမာရေး မကောင်းဖြစ်တဲ့လူတွေ၊ ပြီးတော့ မျက်စိ၊ နား၊ နှာခေါင်းကအစ အကုန်လုံးကို ခန္ဓာကိုယ်မှာ ချို့ယွင်းမှုရှိတဲ့ဟာ မှန်သမျှကို သံလွင်သင်္ဘောကြီးမှာ အားလုံးကု လို့ ရပါတယ်လို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

အမျိုးသားကနေ လှမ်းပြီးတော့ ဖုန်းဆက်တာပါ။ ဒီမှာဆေးကုတဲ့ သင်္ဘောလာမယ်။ အဲဒါကြောင့် မလို့ လာပြပါလားလို့ လှမ်းခေါ် တဲ့အတွက် လာတာပါ။ အာထရာဆောင်း ရိုက်ချင်တယ်၊ အထဲကကလေး ဘယ်လိုနေလဲ ဆိုတာ သိချင်တဲ့အတွက် လာပြ လိုက်တာပါ။ ဖော်ဖော်ရွေရွေရှိ ပါတယ်၊ လူနာအပေါ်စိတ်ရှည် တယ်။ နယ်ဘက်တွေကလည်း လာပြကြတယ်။ ကျွန်မရဲ့ ယောက်ခမဆိုလည်း တစ်ခါလာပြ ဖူးတယ်လေ၊ သူပြောတာတော့ ကောင်းပါတယ်။ အမြဲတမ်း လာပြီးတော့ ကုသစေချင်ပါတယ်။ အကုန်လုံးအတွက် အားလုံး အဆင်ပြေပါတယ်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ ဝါးခယ်မမြို့နယ် ကနစိုးကုန်းကျေးရွာ၌အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၃**

ဧရာဝတီ မြစ်ကြောင်း တစ်လျှောက်ရှိဒေသခံပြည်သူများ အား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့ဖြင့် ရောက် ရှိနေသည့် တပ်မတော်မှ ပါရဂူ များ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့ နံနက်ပိုင်း တွင် ဝါးခယ်မမြို့နယ် ညောင်ငူ အုပ်စု မရမ်းချောင်ကျေးရွာမှ ပြန်လည်ထွက်ခွာ၍ မွန်းလွဲပိုင်း တွင် ဝါးခယ်မမြို့နယ် ကနစိုးကုန်း ကျေးရွာသို့ ရောက်ရှိရာ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖ များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆို နှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသ ရေးအဖွဲ့သည် ယနေ့တွင် ဝါးခယ်မ မြို့နယ် ကနစိုးကုန်းကျေးရွာ ခရစ်ယာန် ဘုရားကျောင်း၌ အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၃၄၇ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၉၆ ဦး၊ ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၂၄ ဦး၊ ကလေး ရောဂါ ၂၅ ဦး၊ အရိုးရောဂါ ၁၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၂ ဦး၊ မျက်စိရောဂါ ၄၉ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၂၁ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့ အနက် အထွေထွေခွဲစိတ်လူနာ တစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ကိုး ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ် စစ်ဆေးလူနာ ၂၃ ဦး၊ ECG စက် ဖြင့် နှလုံးစမ်းသပ်လူနာ ငါးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၇ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေး ခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက် မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေ မှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိ ခဲ့ရပါတယ်-











သမီးလေးက ငယ်ငယ် ကတည်းက ခွဲစိတ်ထားတာဆို တော့ သူ့ရဲ့ဆီးရောဂါက ပြန်ထ ချင်တော့ ဒီမှာ သမားတော်တွေ လည်း ပါလာတယ်ဆိုလို့ လာပြတာပါ။ မနေ့တစ်နေ့ ကတည်းက ရွာက ကျေးရွာ အုပ်ချုပ်ရေးမှူးက ကြေညာ ထားတာပါ။ ဆရာဝန်တွေက သဘောကောင်းပါတယ်။ အစစ အရာရာ စိတ်ရှည်သည်းခံပြီးတော့ နားထောင်ပေးကြပါတယ်။ အခု လို ရွာအထိ လာရောက်ကုသပေး တဲ့အတွက် ဆရာဝန်တွေအားလုံး ကို အများကိုယ်စား ကျေးဇူးတင် ပါတယ်။

မျက်လုံးက မှုန်နေတော့ ရှင်းရှင်းလင်းလင်း မမြင်ရဘူး။ နယ်လှည့် ဆေးကုသရေးအဖွဲ့ တွေနဲ့တွေ့တော့ လာကုတာပါ။ ကောင်းပါတယ်။ အကုန်လုံး ကောင်းကြပါတယ်။ ဆေးလာ ကုသပေးတဲ့ဆရာတွေ၊ ပါရဂူတွေ၊ ဆရာမတွေ အားလုံးလည်း သွားလေရာ လာလေရာ ဘေးကင်း ကြပြီး အကုန်လုံးလည်းကျန်းမာ ချမ်းသာကြပါစေ။ စေတနာလည်း ရှိကြတယ်။ ဝိုင်းဝန်းလုပ်ကိုင်ပေး ကြတဲ့ အဖွဲ့တွေလည်း ကျန်းမာ ချမ်းသာကြပါစေလို့ ဆုတောင်း ပေးပါတယ်။

**သတင်းစဉ်**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ အမှတ်(၁၈)ဟု ခေါ်တွင်သော မြေကွက်အနက်ထဲမှ မြေကွက်အမှတ်(၄)၊ အကျယ်အဝန်းအလျား(၂၀)ပေxအနံ(၆၀)ပေရှိ ခြံမြေကွက်နှင့် ၎င်းခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းကြိုင်[၈/ပခက(နိုင်)၁၄၁၄၂၅]၊ ဒေါ်သင်းမြမြထွေး[၁၂/မဂဒ(နိုင်)၁၄၅၆၉၀]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိခိုင်ထက်[၁၄/ကလန(နိုင်)၁၄၉၃၃၁]က ၎င်းအိမ်ခြံမြေကွက်အား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးကျော်မင်းထွန်း (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၄၀၁)**
**အမှတ်(၁၀၅)၊ ရန်ကင်းဘုရားလမ်း၊ သာသနာ့ရိပ်သာရပ်ကွက်၊**
**လှည်းကူးမြို့နယ်။ ဖုန်း–၀၉–၄၅၁၁၂၈၇၇၆**

## “ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ”

